မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၆)

မာတာပိတုဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရပ်စောက်နှင့် တောင်ကြီးမြို့နယ်များအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းပျဉ်းအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီတွင် ဗထူးတပ်နယ်ရိပ်သာရှိ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းဇော်ဂျီ(၁)ရေအားလျှပ်စစ်ဓာတ်အားပေးရုံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရပ်စောက်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘေရေလှောင်တမံ ဆည်ရေဖြင့် လယ်မြေတွေ နွေရာမိုးပါ စိုက်ပျိုးနိုင်တော့မည်

သတင်းမြင်ကွင်း	-	ကျော်စိန်
ဓာတ်ပုံမှတ်တမ်း	-	အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု	-	သောင်းရွှေ

ရန်ကုန် အောက်တိုဘာ ၂၅

နိုင်ငံတော်အကြီးအကဲ၏ ပခုက္ကူခရိုင် ဆန်ဖူလုံရေးနှင့် ရေရရှိနိုင်သောနေရာများကို ဖော်ထုတ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ပခုက္ကူခရိုင်အတွင်း ဆည်ငယ်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ စဘေရေလှောင်တမံစီမံကိန်းကို အောက်တိုဘာ ၂၃ ရက်က အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပေပြီ။ *စာမျက်နှာ ၇ ကော်လံ ၁* ✻

မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘေရွာသစ်အနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တည်ဆောက်ခဲ့သော တမံအလျား ပေ ၆၉၀၀၊ တမံအမြင့် ၃၂ ပေရှိ စဘေရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်)

နတ်ရေကန်တောင်နှင့် ပုပ္ပားတောင်ဥယျာဉ်ဒေသ လက်ဖက်စိုက်ပျိုးအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဖြစ်သည့် စစ်ကိုင်းတိုင်း မုံရွာ၊ စစ်ကိုင်းခရိုင်၊ မန္တလေးတိုင်း မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်၊ မကွေးတိုင်း ပခုက္ကူ၊ မင်းဘူး၊ မကွေးနှင့် သရက်ခရိုင်တို့ကို ကိုးခရိုင်သတ်မှတ်ကာ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို သစ်တောရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သစ်တောရေးရာဝန်ကြီးဌာနသည် မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသနှင့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသများ၌ လက်ဖက်စံပြစိုက်ခင်းများကို အကောင်အထည်ဖော် စိုက်ပျိုးခဲ့သည်။

ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသ မန်းကြိုးဝိုင်းရှိ သစ်တောဦးစီးဌာန၏ လက်ဖက်တစ်ဧကကို စမ်းသပ်စိုက်ပျိုးခဲ့ရာ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍသည် တစ်မျိုးသားလုံး၏စီးပွားရေးကို ခိုင်မာတောင့်တင်းရန် စွမ်းဆောင်နေရာ စိုက်ပျိုးနိုင်သည့် မြေဧရိယာတို့တွင် တိုးချဲ့စိုက်ပျိုးသွားပါက နိုင်ငံ့စီးပွားရေး ခိုင်မာတောင့်တင်းလာမည်ဖြစ်သည်။

ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသသည် လက်ဖက်စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့်အပြင် စီးပွားရေးအခွင့်အလမ်းအားဖြင့်လည်း အချက်အချာကျသောနေရာဖြစ်သည်။ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ဒေသ၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်တို့ရှိ လက်ဖက်ဈေးကွက်များသို့လည်း လွယ်ကူစွာ တင်ပို့ရောင်းချဖြန့်ဖြူးနိုင်သည့် နေရာဒေသကောင်းတစ်ခုဖြစ်သည်။

လက်ဖက်ဧက ၂၀၀၀ကို လာမည့်နှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖွင့်ပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားသည်။

ဒေသခံပြည်သူများ စိုက်ပျိုးလုပ်ကိုင်လိုပါက သစ်တောရေးရာဦးစီးဌာနမှ စိုက်ပျိုးရန်မြေနှင့် နည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

အလားတူ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသ သစ်တောဦးစီးဌာန၏ လက်ဖက်စံပြစိုက်ခင်းတစ်ဧကကို စမ်းသပ်စိုက်ပျိုးခဲ့ရာ သင့်တော်သည့် ရေ၊ မြေ၊ ရာသီဥတုမျိုးနှင့် ကိုက်ညီမှုရှိသဖြင့် လာမည့်နှစ်အတွင်း တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်စေမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံ၏ စိုက်ပျိုးနိုင်သည့်မြေနေရာများတွင် လက်ဖက်အပါအဝင် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးသွားပါက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ လူမှုစီးပွားရေးဘဝ တိုးတက်မှုရရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တက္ကသိုလ်မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်၇၀ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီး ၄၁ဦးတို့အား မြန်မာစာကျောင်းသားဟောင်းများက ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ပူဇော်ပွဲကျင်းပရန် စီစဉ်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ပါမောက္ခဌာနမှူး ဒေါက်တာခင်ဆန်းဦး ဖုန်း-၅၃၆၀၇၂၊ ၀၉-၅၀-၅၂၈၀၃၊ ဒေါက်တာခင်ဆွေမြင့် (ပါမောက္ခဌာနမှူး-ငြိမ်း)ဖုန်း-၅၆၃၆၁၆၊ ၀၉-၅၆၀၇၂၀၀၊ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် ဖုန်း-၅၃၆၀၇၂၊ ၀၉-၅၀၁၀၇၅၄၊ ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဗိုလ်မှူးကြီးမြင့်အုန်း ဖုန်း-၀၆၇-၄၁၄၅၈၃၊ ၀၆၇-၄၁၄၅၇၄၊ ဦးအောင်စိုးဦး ဖုန်း-၂၄၃၇၆၃၊ ၇၀၅၈၇၇၊ တော်ဝင်နှင်းဆီ ဦးစိုးညွှန့် ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ၀၉-၅၀-၁၃၆၂၃ နှင့် ဦးတင်အောင် ဖုန်း-၅၂၆၇၃၅၊ ၀၉-၅၀-၁၂၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၆-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၈)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၇)

လယ်ယာသုံး လက်တွန်းထွန်စက်များ လက်တွေ့လေ့ကျင့်မောင်းနှင်မှုနှင့် စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောနှောသုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက စစ်တွေတပ်နယ်ရှိ အစည်းအဝေးခန်းမ၌ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာသို့ရောက်ရှိကာ လယ်ယာသုံးလက်တွန်းထွန်စက်များ ကိုင်တွယ်မောင်းနှင်ခြင်း(အပေါ်ပုံ**)နှင့် ထိန်းသိမ်းပြုပြင်ခြင်းသင်တန်းမှ သင်တန်းသားများ၏ လက်တွေ့လေ့ကျင့်မောင်းနှင်နေမှုများကိုလည်းကောင်း၊ တောင်သူဦးစိန်ထွန်း၏ သီးထပ်ရင်စပါးစံပြကွက်၌ စပါးရိတ်သိမ်း ခြွေလှေ့နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စပါးရိတ်တောင်သူများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ ဂဏန်းတောင်တံတား တည်ဆောက်ရေးစီမံကိန်းကိုလည်းကောင်း၊ ပြိန်းချောင်းကျေးရွာရှိ တောင်သူ ဦးမောင်ဖြူ၏ ရော်ဘာစိုက်ခင်းကိုလည်းကောင်း၊ လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများနှင့် လမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ အပေါက်ဝကျေးရွာရှိ တောင်သူဒေါ်ဝေသောင်း၏ မနောသုခစပါး စံပြကွက်၌ ထုံးထည့်သွင်းခြင်းဖြင့် စမ်းသပ်ကွက်တို့၌ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည့် အခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၁၄၆/၄)အနီးရှိ လမ်းများ အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အဖွဲ့သည် ကျောက်တော်မြို့ စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောနှောသုံးဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးကြီး၊ မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖတစ်ဦးတို့က ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဓာတ်အားပေးစက်ရုံ ဆိုင်းဘုတ်ကိုလည်းကောင်း၊ ဗိုလ်ချုပ်ခင်ဇော်က ဓာတ်အားပေးစက်မီးခလုတ်ကိုလည်းကောင်း ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး စက်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ပူးပေါင်းတည်ဆောက်ခဲ့

အဆိုပါ စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောနှောသုံး ဓာတ်အားပေးစက်ရုံသည် ကူဘိုတာ၊ စကိုဒါစက်အမျိုးအစားဖြစ်ပြီး QH-35 Gasifier အမျိုးအစား(250 KVA) စက်နှစ်လုံးတပ်ဆင်ထားပြီး ကျောက်တော်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**နေ့စဉ်ဆင်နွဲလှူပြိုင်ပွဲ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၈း၀၅-၂း၀၅	Sunday Talk [ကိုကိုလှိုင်၊မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၀၅-၃း၀၅	တိုးတက်ဖွံ့ဖြိုးသည့် ပုံရိပ်များနှင့် ထင်ဟပ်လာနေသော ဧရာဝတီတိုင်း
၉း၁၅-၃း၁၅	Soccer Update
၉း၃၀-၃း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နည်းပညာသစ်ဆန်း Nikon Camera အစွမ်း
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	Euro Goals
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	သစ်သီးဝလံပေါပြည့်ဝေဆာ ဒို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	မျှော်လင့်ခြင်းတွေ ပြည့်ဝမည့်နေ့သစ်များ
၁၁း၅၀-၅း၅၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (အသက်ရှုကွဲသော အသစ်စက်စက် အစစ်သက်သက် စန္ဒရားလက်ရည်တက်ကလေးများ)
၁၂း၁၅-၆း၁၅	International Video Topics [ကမ္ဘာ့မြို့ကြီးများ (ပါရီ)]
၁၂း၄၅-၆း၄၅	လက်အုပ်ချီကာ ဦးညွှတ်မှာ ဆရာ့ကျေးဇူးသိတတ်စွာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Chelsea-Liverpool	ESPN (Live)
၉း၂၅	Man City-Stoke City	STAR SPORTS (Live)
၁၀း၂၅	West Ham-Arsenal	ESPN (Live)

တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်တွင် လိုက်ပါလာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ

နန်နင်းမြို့၌ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးသို့တက်ရောက်ရန် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း သည် အောက်တိုဘာ၂၀ရက် ညနေ ၅ နာရီ ခွဲတွင် Guangxi Biayon ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Zhou Yu Hao အားလည်း ကောင်း၊ အောက်တိုဘာ ၂၁ရက် ည ၈နာရီ ခွဲတွင် နန်နင်းမြို့တော်ဝန် Mr. Huang Fangfang အားလည်းကောင်း လီယွမ် ဟိုတယ်အဆောက်အအုံ အမှတ်(၁၉)တွင် လက်ခံတွေ့ဆုံပြီး ကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့် နန်နင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် မြန်မာကုန်သွယ် ရေးကိုယ်စားလှယ်ရုံး တည်ဆောက်မှုအခြေ အနေများကို ဆွေးနွေးခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေး

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် BCK National Investment Co.,Ltd.မှ မန်နေဂျင်း ဒါရိုက်တာ Mr.Liu Jinguan နှင့် အဖွဲ့ အား အောက်တိုဘာ၂၀ရက် ညနေ ၃နာရီခွဲ တွင်လည်းကောင်း၊ Board Chairman Secretary PHD Guan Yueqing၊ Director General Manager Researcher နှင့် အဖွဲ့အား အောက်တိုဘာ ၂၁ရက် ညပိုင်းတွင်လည်းကောင်း၊ ယူနန် ပြည်နယ် Department of Commerce Foreign Economic Cooperation Division မှ Deputy Chief Mr. Zhang De အား အောက်တိုဘာ၂၃ရက် နံနက်ပိုင်းတွင် လည်းကောင်း လီယွမ် ဟိုတယ် အဆောက်အအုံ အမှတ်(၁၉) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး စီးပွားရေး နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေး သည်။

ပူးပေါင်းဆောင်ရွက်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အောက်တိုဘာ ၂၀ရက် ညနေ ၃နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CGGC ကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့သည်လည်းကောင်း၊ ညနေ၃နာရီခွဲတွင် Ying Jing Duayan Hydro Power Development ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အဖွဲ့သည်လည်းကောင်း၊ ညနေ ၄နာရီတွင် Guanxi Electrical Power Investment ကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့သည်လည်းကောင်း၊ ညနေ၄နာရီခွဲတွင် China Datang Corporation ဥက္ကဋ္ဌ နှင့် အဖွဲ့သည်လည်းကောင်း၊ ညနေ၅နာရီ တွင် Yunan Provincial Power Investment ကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့သည် လည်းကောင်း၊ ညနေ ၆နာရီတွင် Yunan United Power Development ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အဖွဲ့သည်လည်းကောင်း၊ ည ၇နာရီတွင် Henergy Group Co. ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည်လည်းကောင်း၊ ည ၉နာရီ ၁၅မိနစ်တွင် China Power Investment Co. ဥက္ကဋ္ဌနှင့်အဖွဲ့သည် လည်းကောင်း လီယွမ်ဟိုတယ် အဆောက် အအုံ အမှတ်(၁၉)ဧည့်ခန်းမသို့ အသီးသီး လာရောက်တွေ့ဆုံကြပြီး ရေအားလျှပ်စစ် စီမံကိန်းများ၌ ပါဝင် ပူးပေါင်းဆောင်ရွက် ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား BCK National Investment ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ မစ္စတာ လျူဂျင်ယွမ်၊ ယူနန်ပြည်နယ် စီးပွားရေးဌာန နိုင်ငံခြားစီးပွားပူးပေါင်း ဆောင်ရွက်ရေး ဌာနခွဲ(၁)မှ ဒုတိယ ညွှန်ကြားရေးမှူး မစ္စတာဖန်ဒီနှင့် အဖွဲ့သည် အောက်တိုဘာ ၂၀ရက် ညနေ ၄နာရီတွင် လီယွမ်ဟိုတယ် အဆောက်အအုံ အမှတ် (၁၉)ဧည့်ခန်းမသို့လာရောက်တွေ့ဆုံကြပြီး ပို့ဆောင်ရေးကဏ္ဍနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

လာရောက်တွေ့ဆုံ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Co. ဥက္ကဋ္ဌ နှင့်အဖွဲ့ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် အဆောက်အအုံ အမှတ်(၁၉)တွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ BCK National Investment ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ မစ္စတာ လျူဂျင်ယွမ် နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် အဆောက်အအုံ အမှတ်(၁၉)တွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် သည် အောက်တိုဘာ ၂၁ရက် မွန်းလွဲ ၂နာရီ တွင် လီယွမ်ဟိုတယ်အဆောက်အအုံ အမှတ် (၉) ဧည့်ခန်းမ၌ Alcatel Shanghai Bell ကုမ္ပဏီမှ အရှေ့တောင် အာရှဒေသ တာဝန်ခံ Mr.Liu Peng Chang အား တွေ့ဆုံ၍ စက်ပစ္စည်းများထုတ်လုပ်ရေး ကိစ္စတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ရက် မွန်းလွဲ ၁နာရီ၄၅ မိနစ်တွင် အဆိုပါ ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr.Tran Duc Lai အား လက်ခံ တွေ့ဆုံပြီး ဆက်သွယ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

တက်ရောက်

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုး သာသည် အောက်တိုဘာ ၂၂ရက် မွန်းလွဲ ပိုင်းတွင် နန်နင်းမြို့ရှိ Jilinge Restaurant Qinxiu Mountain Resort of Nanning ၌ကျင်းပသည့်(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီး မြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက် ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ စီးပွားရေးဆိုင်ရာ ဝန်ကြီးများအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming က တည်ခင်းဧည့်ခံသော ဂုဏ်ပြု နေ့လယ်စာစားပွဲသို့ တက်ရောက် ခဲ့သည်။

အကျိုးတူပူးပေါင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မြင့်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ် ရေးဒေသ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Director General မဒမ်ဖန်ရောက်လီ ခေါင်းဆောင်သည့်အဖွဲ့သည် အောက်တိုဘာ ၂၂ရက် မွန်းတည့် ၁၂နာရီတွင် နန်နင်းမြို့ မင်းယွင်ရှင်တုဟိုတယ်၌ တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စ ဆွေးနွေးခဲ့ကြသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် သည် အောက်တိုဘာ ၂၁ရက် နံနက် ၉နာရီ တွင် Yunnan United Development Co.(YUPD) ဥက္ကဋ္ဌ မစ္စတာ ဟွမ်ကွမ်းမင်းနှင့် အဖွဲ့အားလည်းကောင်း၊ နံနက် ၁၀နာရီတွင် Central China Power Grid Co.(CCPG) အထွေထွေ မန်နေဂျာ Mr.Yuan Xizlung နှင့်အဖွဲ့ အားလည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် Shichuan Machinary and Equipment Import and Export Co., Ltd.(SCMEC)ဘဏ္ဍာရေး အရာရှိ ချုပ် Mr. Xing Wei နှင့် အဖွဲ့အားလည်း ကောင်း လီယွမ်ဟိုတယ် အဆောက်အအုံ အမှတ်(၁၉) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ ခဲ့ပြီး လျှပ်စစ်ဓာတ်အား လုပ်ငန်းဆိုင်ရာ ပစ္စည်းများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

(သတင်းစဉ်)

တွေ့ဆုံ

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Alcatel Shanghai Bell ကုမ္ပဏီမှ အရှေ့တောင်အာရှ ဒေသတာဝန်ခံ Mr. Liu Peng Chang နန်နင်းမြို့ရှိ လီယွမ် ဟိုတယ်တွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Development Co. (YUPD) ဥက္ကဋ္ဌ မစ္စတာဟွမ်ကွမ်းမင်းနှင့်အဖွဲ့ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ်တွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

တရုတ်-ပိုလန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

ပေကျင်း အောက်တိုဘာ ၂၅

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ပိုလန်ဝန်ကြီးချုပ် ဒိုနယ်တက်စ်တို့ တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများအဖြစ် ဆက်ဆံရေးနှင့် နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို အောက်တိုဘာ ၂၃ရက်က သဘောတူညီခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆက်လက်ပြောကြား

မဟာဗျူဟာကျသည့် တရုတ်-ပိုလန် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုမှာ အခွန့်ရှည်ကြာမှာဖြစ်ကြောင်း၊ ထို့ပြင် အခြေခံအဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတ္တုရှာဖွေရေး၊ ရေနံတွင်းသစ်များရှာဖွေရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားကြရန် ဝမ်ကဆက်လက်ပြောကြားသည်။

အမြင်ချင်းဖလှယ်

နှစ်နိုင်ငံပြည်သူအချင်းချင်း ဆက်ဆံမှုများမှတစ်ဆင့် ယဉ်ကျေးမှုနှင့်ပညာရေး နယ်ပယ်များတွင် အမြင်ချင်းဖလှယ်မှုတို့ကို မြှင့်တင်သွားရန်လည်း ဝမ်က ထပ်လောင်းပြောကြားခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ပိုလန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်နီးကပ်စွာ မိတ်ဖက်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပိုလန်ဝန်ကြီးချုပ် ဒိုနယ်တက်စ်က ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖောက်ခွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေး လုပ်ငန်း များ ဆောင်ရွက်လျက်ရှိသည်ကို အောက်တိုဘာ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ခရိုအေးရှားနိုင်ငံ ဇာဂရက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်များ တိုက်ခိုက်မှု အာဖဂန်အရှေ့ပိုင်း၌ အကြမ်းဖက်သမားသုံးဦး သေဆုံး

ကဘူးလ် အောက်တိုဘာ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ အောက်တိုဘာ ၂၄ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းတိုက်ခိုက်မှု ပြုလုပ်စဉ်အတွင်း အကြမ်းဖက်သမား သုံးဦးသေဆုံးပြီး အခြားလေးဦးအား ဖမ်းဆီးလိုက်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖော်ပြ

အဆိုပါ စီးနင်းတိုက်ခိုက်မှုသည် ပတ်တီကာပြည်နယ်၌ အောက်တိုဘာ ၂၄ရက်က တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်တပ်များအနေဖြင့် အာဖဂန်အရှေ့ပိုင်းတစ်လျှောက် တိုက်ခိုက်ရေးသမားများကို ကြိုးကိုင်နေသည့် အမာခံခေါင်းဆောင်အား တိုက်ခိုက်နေခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

မြင့်တက်

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာလျက်ရှိသည်။ ၂၀၀၇ခုနှစ်နှင့် နှိုင်းစာလျှင် ၃၀ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။ **(အင်တာနက်)**

ခရိုအေးရှား၌ ကားဗုံးပေါက်ကွဲ သတင်းထောက်နှစ်ဦး သေဆုံး

ဇာဂရက် အောက်တိုဘာ ၂၅

ခရိုအေးရှားနိုင်ငံ ဇာဂရက်မြို့တော်၌ အောက်တိုဘာ ၂၄ရက်တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သတင်းထောက်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း ဒေသတွင်း ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

သေဆုံးသူနှစ်ဦးတွင် တစ်ဦးမှာ ခရိုအေးရှားအပတ်စဉ်ထုတ်ဂျာနယ်မှ မန်နေဂျာတစ်ဦးဖြစ်ကြောင်း၊ သို့သော် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်သည့် အသေးစိတ်ကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

(အင်တာနက်)

အီရတ်ဝန်ကြီးကားဗုံးခွဲတိုက်ခိုက်ခံရမှု သေဆုံးသူ ၁၁ဦးအထိ တိုးလာ

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

အီရတ်အလုပ်သမားဝန်ကြီး၏ မော်တော်ယာဉ်တန်းကို တိုက်ခိုက်သည့် အသေခံကားဗုံးခွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၁၁ဦးအထိတိုးလာပြီး ဒဏ်ရာရသူ ၂၂ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ပါဝင်

သေဆုံးသူများတွင် ဝန်ကြီး၏ သက်တော်စောင့်သုံးဦးပါဝင်ပြီး ဒဏ်ရာရသူများတွင်လည်း ဝန်ကြီး၏ သက်တော်စောင့်လေးဦး ပါဝင်သည်။

စောစောပိုင်း သတင်းများတွင် သေဆုံးသူကိုးဦးနှင့် ဒဏ်ရာရသူ ၁၀ဦးရှိသည်ဟုသာ ဖော်ပြခဲ့သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်အနီးတွင် တိုက်ပွဲငယ်တစ်ခုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အကြမ်းဖက်သမားသုံးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် မိုင်၁၅၀ခန့်အကွာ တူဇ်ခါမာတိုမြို့ရှိ စစ်ဆေးရေးဂိတ်ကို အောက်တိုဘာ ၂၄ရက်က သေနတ်သမားများ ရုတ်တရက်ဝင်ရောက် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အီရတ်သတင်းဌာနဖြစ်သည့် အဆွတ်အယ်-အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အပြန်အလှန်ပစ်ခတ်

ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ အပြန်အလှန် ပစ်ခတ်မှုများ ပြုလုပ်ကြပြီးနောက် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အကြမ်းဖက်သမားသုံးဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အီရတ်၌ မြေမြှုပ်ဗုံးပေါက်ကွဲ ကလေး လေးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မှ အရှေ့တောင်ဘက် ဝက်စ်တီပြည်နယ် ကွတ်မြို့အနီးတွင် အောက်တိုဘာ ၂၄ရက်က မြေမြှုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ကလေးငယ်တစ်ဦး သေဆုံးသွားခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထပ်လောင်းပြောကြား

ယင်းမြေမြှုပ်ဗုံးမှာ ယခင်က ဖြစ်ပွားခဲ့သော စစ်ပွဲများအတွင်းက မြှုပ်နှံခဲ့သည့် မြေမြှုပ်ဗုံးဖြစ်ကြောင်း၊ ယခုအခါ ကလေးငယ်များ ဆော့ကစားစဉ်တက်နင်းမိသဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

အီးယူနှင့် ကျူးဘားတို့ တရားဝင်ပြန်လည်ဆက်ဆံ

ဟာဗားနား အောက်တိုဘာ ၂၅

ကျူးဘားအစိုးရအနေဖြင့် ဆန့်ကျင်ရေးသမားများအား အစုအပြုံလိုက် ဖမ်းဆီးမှုကြောင့် အီးယူက ကျူးဘားနိုင်ငံအား သံတမန်ရေးအရ အရေးယူပိတ်ပင်ပြီးနောက် ငါးနှစ်အကြာတွင် အီးယူနှင့် ကျူးဘားနိုင်ငံတို့ တရားဝင် ပြန်လည်ဆက်ဆံရေး ထူထောင်လိုက်ကြသည်။

လက်မှတ်ရေးထိုး

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်နှင့် မိမိတို့လက်မှတ်ရေးထိုးသည့် သဘောတူညီချက်မှာ အီးယူနှင့်ကျူးဘား ဆက်ဆံရေးတွင် အလှည့်အပြောင်းတစ်ရပ်ဖြစ်ကြောင်း ဥရောပကော်မရှင်အဖွဲ့ဝင် လူစီမိုက်ကယ်က ပြောကြားသည်။

ကြိုဆို

ကျူးဘားနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်မှုကို လေးစားခြင်းအတွက် အီးယူ၏ သဘောထားကို ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဖိလစ်ပီရက်က ကြိုဆိုလိုက်သည်။

ထပ်မံရရှိ

ယခုအခါ ကျူးဘားနိုင်ငံက မုန်တိုင်းဒဏ်ခံရပြီးနောက် အရေးပေါ် ပြန်လည်ထူထောင်ရေးအကူအညီအဖြစ် ယူရိုငွေနှစ်သန်းကို အီးယူထံမှ ရရှိမည်ဖြစ်ပြီး ရှေ့နှစ်တွင် ယူရိုငွေသန်း ၃၀ ထပ်မံရရှိမည်ဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်မြို့ရှိ ဆေးရုံတွင်ပစ်ခတ်မှုတစ်ရပ် ဖြစ်ပွားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အမျိုးသမီးတစ်ဦးဆေးဝါးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘာလီဗုံးခွဲသူ သုံးဦးအား မကြာမီကွပ်မျက်မည်ဟု ကြေညာ

ဂျကာတာ အောက်တိုဘာ ၂၅

၂၀၀၂ခုနှစ် ဘာလီဗုံးခွဲမှု ကျူးလွန်သူသုံးဦးကို နိုဝင်ဘာလဆန်းတွင် ကွပ်မျက်ပစ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားရှေ့နေချုပ်ရုံးက ကြေညာသည်။

ဗုံးခွဲတိုက်ခိုက်

လူပေါင်း ၂၀၂ဦး သေဆုံးစေသည့် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အီမမ်ဆာမူဒရာ၊ အမ်ရိုဇီနှင့် မူခလာ ခေါ် အလီဂူဖရွန်တို့သုံးဦးအား သေဒဏ်စီရင်ထားသည်။

ချုပ်နှောင်ထား

ယခုအခါ သူတို့သုံးဦးအား ကွပ်မျက်ပစ်မည့် အကျဉ်းထောင်အတွင်း၌ပင် လုံခြုံရေးတင်းကျပ်စွာ ချုပ်နှောင်ထားကြောင်း သိရသည်။ **(အင်တာနက်)**

လက်ပံလှတံတား အချောသပ်ပြီးစီး ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက မန္တလေး-မတ္တရာ-စဉ့်ကူး-မိုးကုတ်လမ်းပေါ်ရှိ လက်ပံလှတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် တံတားပေါ်၌ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

သံကူကွန်ကရစ်တံတား

အဆိုပါ လက်ပံလှတံတားမှာ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-စဉ့်ကူး-မိုးကုတ်လမ်းပေါ်၌တည်ရှိပြီး ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကာ တံတားအရှည် ပေ၂၄၀ရှိပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြံခင်းဘိလပ်မြေစက်ရုံ၊ မြန်အောင်ရေနံမြေနှင့် အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်ကောင်းစိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်း ပန်းတောင်းမြို့နယ်ရှိ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ညောင်ကိုင်းကားလမ်းကူး ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်နှင့် နတ်မောက်ကားလမ်းကူးရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းခွင်များသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိပြီး ကားလမ်းကူးရထားလမ်း ဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်း အရှည် ၃၅မိုင်အနက် သံလမ်းအကြမ်းခင်းခြင်း ၁၆မိုင်နှင့် သံလမ်းအချောခင်းခြင်း ၁၄မိုင် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ကြံခင်းဘိလပ်မြေစက်ရုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကြာအင်းလေးကျေးရွာအနီးသို့ရောက်ရှိ၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လိုက်ပါလျက် ကြံခင်းမြို့ရှိ ကြံခင်းဘိလပ်မြေစက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကြံခင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက်ဗိုလ်ချုပ်ကိုကိုသည် မြန်အောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လည်းကောင်း၊ မြန်အောင်ရေနံမြေ၌ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

မြန်အောင်ရေနံမြေ

ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက မြန်အောင်မြို့ရှိ မြန်အောင်ရေနံမြေသို့ ရောက်ရှိ၍ ရေနံတွင်း အမှတ်(၁၃၀) ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ပြည်တော်သာကျေးရွာ တောင်သူဦးလှရွှေ၏ ငရုတ်ကောင်းစံပြစိုက်ကွင်းကိုလည်းကောင်း(**အပေါ်ပုံ**)၊ မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေပိုလွှဲတည်ဆောက်နေမှု၊ ကုန်းကျောတမံနှင့် ရေစီမံ့တားကွန်ကရစ်နံရံတို့ တည်ဆောက်ပြီးစီးမှုနှင့် ပင်မတမံတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကညင်ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံတည်ဆောက်ပြီးစီးသွားပါက စိုက်ပျိုးရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၂၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပြီး အင်္ဂပူ-လေးမျက်နှာ ကားလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လေးမျက်နှာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် လေးမျက်နှာ-အိုင်သပြ-ဟင်္သာတ ကားလမ်းတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လမ်းကပ်တိုးများ ဝက်လက်မြို့၌ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၅

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးအတွက် ဆောင်ရွက်သော မြို့အဝင်လမ်း ကားလမ်းကပ်တိုးများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ အာရှနှင့် ပစိဖိတ်ဇုန်ဌာနမှူး

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ အာရှနှင့်ပစိဖိတ်ဇုန်ဌာနမှူး Mr.A Listair Henley နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန မေခလာခန်းမသို့ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၁၀-၂၀၀၈)ရက်
၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွက်
(၉-၁၁-၂၀၀၈)ရက်
နှင့်
(၃၀-၁၁-၂၀၀၈)ရက်

လေဘေးသင့်ဒေသ ခိုင်းကျွဲများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်း ဖျာပုံမြို့ မော်ဘီကျေးရွာသို့ သွားရောက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လေဘေးသင့်ဒေသများရှိ တောင်သူများသို့ ခိုင်းကျွဲများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဧရာဝတီတိုင်း ဦးစီးဌာနမှူး ဒေါက်တာမြင့်ဆွေ၊ခရိုင်ဦးစီးမှူး ဒေါက်တာကောင်းညွှန့်၊ FAO မှ Dr.Thanawat Tiensin၊ ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာတောင်သူလယ်သမားများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက်ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ကိုယ်စားလှယ်တို့က ဖျာပုံမြို့ မော်ဘီကျေးရွာနှင့် ကျန်ကျေးရွာများမှ တောင်သူများအား လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုမည့် ခိုင်းကျွဲအကောင် ၁၅၀ နှင့် ကျွဲ၊ နွားအစာအိတ် ၁၅၀ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ဝဲပုံ)** **(သတင်းစဉ်)**

အောက်တိုဘာ ၂၄ ရက်က တာမွေမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေးကြိုတင် ကာကွယ်ရေး အတွက် ကွင်းဆင်း စစ်ဆေးကြစဉ်။ (၁၇၁)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် မိုးစပါးစံပြစိုက်ခင်း ရိတ်သိမ်းပွဲသို့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက်စနာရီတွင် နေပြည်တော်ပင်လောင်းလမ်းဆုံရှိ နယ်မြေခံတပ်ရင်း၏ တစ်ဧက တင်း၂၀၀ ဆင်းရတနာစပါး(နေပြည်တော်) မိုးစပါးစံပြဧက ၃၀စိုက်ကွင်း၌ ကျင်းပသည့် မိုးစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးရာ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်နယ်မှ စိုက်ခင်းကြီးကြပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးခင်မောင်ဦးက ဆင်းရတနာ စပါးစံပြစိုက်ခင်း ဧက ၃၀စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ရိတ်သိမ်းရန်အသင့်ဖြစ်မှု အခြေအနေ၊ ခေတ်မီ Wheel Type နှင့် Chain Type Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ကိရိယာများ အသုံးပြုပြီး စံကွက်ရိတ်သိမ်းသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Good Brothers ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးမျိုးဇော်က လယ်ယာသုံးခေတ်မီထွန်စက်၊ ခေတ်မီ ကောက်စိုက်စက်၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ၏ စက်အမျိုးအစားအလိုက် အသုံးဝင်မှုနှင့် တွက်ခြေကိုက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ရှင်းလင်းဆောင်အတွင်း ခင်းကျင်းပြသထားသော စပါးပင်နမူနာများ၊ ဆန်နှင့်ထမင်းနမူနာများနှင့် လယ်ယာသုံး ခေတ်မီစက်ကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စိုက်ခင်းအတွင်း ခေတ်မီရိတ်သိမ်းခြွေလှေ့စက်အသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် စံကွက်ရိတ်သိမ်းနေမှုနှင့် စိုက်ခင်းအနီး တောင်သူဦးဘိုညွန့်နှင့် ဦးလှသိန်းတို့၏ ဆင်းရတနာစပါးနှစ်ဧကအတွင်း အောင်မြင်ဖြစ်ထွန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး တောင်သူဦးဘိုညွန့်က ဆင်းရတနာစပါး (နေပြည်တော်)စိုက်ပျိုးရာ၌ တွေ့ကြုံရသည့် အခြေအနေများကိုတင်ပြသည်။ ယနေ့ရိတ်သိမ်းသော ဆင်းရတနာစပါး(နေပြည်တော်)စံကွက်၏ တစ်ဧကအထွက်နှုန်းမှာ အစို၂၂၃သမ၅ တင်းနှင့် အခြောက်တင်း၂၁၀ ထွက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် အောက်တိုဘာ၂၁ရက်က မုံရွာမြို့ အားကစားကွင်း၌ ကျင်းပသည့် ၂၀၀၈ခုနှစ် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်အလိုက် (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဖွင့်ပွဲနေ့ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့ စဘောရေလှောင်တမံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မိတ္ထီလာ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ ဒွါဒသမအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၂၅

မိတ္ထီလာ အထက(၁)တွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက် (၆၀)ကျော် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မိတ္ထီလာမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်ပါရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးထွန်း(ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၀၁၉၊ ဒေါ်စုစုလွင် ဖုန်း-၀၆၄-၂၅၇၇၂၊ ဒေါ်မြင့်မြင့်ခိုင် ဖုန်း-၀၆၄-၂၃၄၇၅၊ ၀၉-၂၂-၀၀၂၇၅၊ ဦးစံလင်း ဖုန်း-၀၆၄-၂၄၁၈၄၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးအောင်ကျော်မြင့် ဖုန်း-၃၈၄၄၂၈၊ ၀၉-၈၀-၂၀၀၅၁၊ ဦးငွေမောင်း ဖုန်း-၅၄၅၁၂၇၊ ၀၉-၅၀-၆၂၄၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အလှည့်ကျဇာတ်ကောင်နှင့် အတွေးသစ်ဆောင်းပါးများ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၅

ထက်ခေါင်ရေးသားသည့် အလှည့်ကျဇာတ်ကောင်နှင့် အတွေးသစ်ဆောင်းပါးများ စာအုပ်ကို သင်းစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါစာအုပ်တွင် ဓားကို သို့ကိုင်၊ ငွေဓား၊ ဓာတ်ပုံ၊ တောလမ်း၊ လင်းတနှင့် စင်ရော်၊ကေသရာ၊တောစားဘီလူး၊ ခလုတ်နှင့် နင်းခုံ၊ စပ်မျိုး၊ ထို့ကြောင့်…၊ မီးဆေးသံ၊ အတွင်းကြေ၊ အလှည့်ကျဇာတ်ကောင်၊ ဘုရားဖူးဒေဇ့်သည်၊ အရသာ၊ ရွက်ပုန်းသီး၊ အုတ်ကြားမြက်၊ မာရ်နတ်၏ စံအိမ်နှင့် အောင်ခြင်းမင်္ဂလာ ဆောင်းပါး၁၈ပုဒ် ပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၂)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၄)၊အမှတ်(၄၂)၌ငွေစက္ကူအတုပြုလုပ်မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်၊ မကာအိုတွင်နစ်မြုပ်ခဲ့သော သင်္ဘောမှ မြန်မာသင်္ဘောသားများ၏ ဒီအင်န်အေစစ်ဆေးနိုင်ရန် မိသားစုများထံမှ ဆံပင်များတောင်းထား၊ မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့သည့်သင်္ဘောများ ရှာဖွေရာမှ ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်ခဲ့သည့် သင်္ဘောများတွေ့ရှိ၊ မလေးရှားသွားမြန်မာလုပ်သားများ အေးဂျင့်ပြောသည့် အခွင့်အရေးအပြည့်အဝမရရှိမှုများနှင့်ကြုံနေရ၊ သဘာဝဘေးကြောင့် ပျက်စီးစက်ပစ္စည်းများ ပြည်ပမှတင်သွင်းလိုပါက ကူညီပေးမည်၊ ဘိုင်အိုဒီဇယ်ထုတ်ရန် မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီ ထူထောင်မည်၊ ကမ်းခြေဟိုတယ်များပြန်ဖွင့်သော်လည်း ဧည့်အဝင်နည်း စသည့်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ လင်းယုန်နှင့် လောကစံ ရှုမြင်သုံးသပ် ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်သင့်ပါတယ် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့်News Week မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်းနိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ အိမ်ဖြူတော်ကိုကိုင်လှုပ်သော စာအုပ်၊ မြောက်ကိုရီးယား သူလျှိုမယ်ကို တောင်ကိုရီးယားက ထောင်ဒဏ်ချ၊ အင်ဒိုဌ် ဘီကီနီများလက်ခံ၊ ဘတ်စ်ကားပေါ်တွင် မဖွယ်မရာပြုခဲ့သူကို ထောင်ဒဏ်ချ၊ ရေသန့်ပုလင်းမှ ရေများ သန့်ပြန့်မှု မရှိဟုဆို၊ ၂၀၃၀ပြည့်နှစ်တွင်ဒုက္ခသည်များ အန္တာတိကသို့ ပြောင်းရွှေ့ရမည်၊ ပရိသတ်အားရင်တမမဖြင့် လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင် လှုပ်ရှားမည့် နောက်ဆုံးပေါ် ဂိမ်းစ်ဘွန်း၊ တိုင်တန်းနစ်၌ အသက်ရှင်ကျန်ရစ်ခဲ့သူ နေထိုင်စရိတ်လိုအပ်၍ ရေးဟောင်းပစ္စည်းများရောင်းချ စသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မကွေးတိုင်း ပခုက္ကူမြို့နယ် စဘောရေလှောင်တမံဖွင့်ပွဲအခမ်းအနားကျင်းပ စပါးနှင့်အခြားသီးနှံဧက ၄၀၀အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်

နေပြည်တော် အောက်တိုဘာ ၂၅

မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘောရွာသစ်ကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ယူတည်ဆောက်ပြီးစီးသည့် စဘောရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက်၉နာရီက အဆိုပါရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် စဘောရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွက် စိုက်ပျိုးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အထောက်အကူပြုစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ရလောက်အောင် ဆီဖူလုံမှု ရာခိုင်နှုန်း ၄၂၉ရာခိုင်နှုန်းအထိ တိုးတက်အောင်ဆောင်ရွက်ခဲ့သည့်အပြင် ဒေသဝမ်းစာဖူလုံရေးအတွက် ရေရရှိရေးနည်းလမ်းများအလိုက် ယခုနှစ် မိုးစပါး၉၃၂၀၉၆ ဧကနှင့် နွေစပါး ဧက၂၆၀၀၀၀ ကို စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

မကွေးတိုင်းအတွင်း ဆည်၊ကန် ၄၁ခု၊ ဆည်ရေသောက်ဧရိယာဧက ၂၆၀၆၁၀ ရှိခဲ့ရာမှ ယခုဖွင့်လှစ်လိုက်သော စဘောရေလှောင်တမံ အပါအဝင် ၄၂ခုအထိတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ ဆည်ရေသောက် ဧရိယာဧက ၂၆၁၀၁၀အထိ တိုးတက်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေ ရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းပေါင်း ၇၁ခုကို စီမံချက်ချ ဆောင်ရွက်စေခဲ့ရာတွင် ကျန်ရှိသော ၄၇ခု အကျိုးပြုဧရိယာ ၇၆၈၇ဧကအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ယနေ့ဖွင့်လှစ်လိုက်သော စဘောရေလှောင်တမံအပါအဝင် ဆည်၊ တမံ စုစုပေါင်း ၃၃ခု တည်ဆောက်ပြီးဖြစ်၍ စိုက်ပျိုးဧရိယာ ၅၃၉၇ဧက တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖွင့်လှစ်သည့် စဘောရေလှောင်တမံသည်လည်း ဒေသခံတောင်သူများအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအထောက်အကူပြု အမွေအနှစ်ဖြစ်သည့်အတွက် ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စဘောရေလှောင်တမံ ကမွှည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့သည် စဘောရေလှောင်တမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကာ စဘောရေလှောင်တမံကို လှည့်လည်ကြည့်ရှုကြသည်။

စိုက်ပျိုးရေပေးဝေနိုင်မည်

ယခုဖွင့်လှစ်လိုက်သော စဘောရေ လှောင်တမံသည် ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘောရွာသစ် ကျေးရွာအနီး ရေငံချောင်းကိုပိတ်၍ တည်ဆောက်ထားကာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၂ပေ၊ အလျားပေ ၆၉၀၀၊ ကန်ရေပြည့် ရေလှောင် ပမာဏဧကပေ ၁၆၁၀ရှိကာ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာ အထောက်အကူပြုစေမည့်အပြင် စပါးနှင့် အခြားသီးနှံဧက ၄၀၀အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ရာ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၈၀၃ဒသမ၈၆သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်ဟောင်းနှင့်ဘာရာဇီးအသင်းတို့ကစားကြပွဲများ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် အောက်တိုဘာ ၂၅

လေဘောသင့်ပြည်သူများအတွက် ရန်ပုံငွေဘောလုံးပွဲအဖြစ် ဘာရာဇီးလက်ရွေးစင်ဟောင်းကစားသမား အများစုပါဝင်သောအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းများ အောက်တိုဘာ၂၆ရက်တွင် သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားကြပုံများကိုမြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညနေ၃း၂၀နာရီမှစ၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

စဘေရေလှောင်တမံစီမံကိန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘေရွာအနီးရှိ ရေငန်ချောင်းကိုပိတ်၍ တည်ဆောက်ထားပြီး တမံအလျားမှာ ပေပေါင်း ၆၉၀၀ ရှည်၍ တမံအမြင့် ၃၂ပေ ရှိသော ရေလှောင်တမံအလတ်စားဟု ခေါ်ရမည့် ဆည်ဖြစ်သည်။

တွေ့ဆုံမေးမြန်း

စဘေရေလှောင်တမံစီမံကိန်းနှင့် ပတ်သက်၍ မြန်မာ့အလင်းအဖွဲ့သည် အောက်တိုဘာ ၁၉ရက်က ကွင်းဆင်းလေ့လာရာ စဘေရေလှောင်တမံ တာဝန်ယူတည်ဆောက်ခဲ့သော တည်ဆောက်ရေး(၂)မှ ဦးစီးအရာရှိ ဦးဝင်းငွေအား တွေ့ဆုံမေးမြန်းခဲ့သည်။

ဆောင်ရွက်

စဘေရေလှောင်တမံနှင့် ပတ်သက်၍ မေးမြန်းသိရှိခဲ့သည်မှာ-"ပခုက္ကူခရိုင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးအတွက်ဆောင်ရွက်ရာတွင် ဆည်ငယ်၊ ကန်ငယ်ပေါင်း၇၁ခုရှိကြောင်း၊ ၂၄ခုကို ဒေသအစီအစဉ်နှင့် ဆောင်ရွက်ပြီး ၄၇ခုကို ဆည်မြောင်းဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ တည်ဆောက်

မကွေးတိုင်း ပခုက္ကူခရိုင်တွင် လယ်မြေဧက၄၀၀ ဆည်ရေပေးဝေမည့် အရှည် အလျားပေ ၁၃၇၀၀ ရှိ စဘေရေလှောင်တမံ၏ ရေသွယ်တူးမြောင်းကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ရေး(၂)မှ တာဝန်ယူပြီး စဘေရေလှောင်တမံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

တမံမှာ မြေသားတမံဖြစ်ပြီး တမံအလျား ပေ၆၉၀၀ရှိကြောင်း၊ တူးမြောင်းမကြီး အလျားသည် ပေ ၅၀၀၀ရှိကြောင်း၊ ဆည်ရေပေးဝေနိုင်သော ဧရိယာ ဧက၄၀၀ရှိကြောင်း၊ စဘေရေလှောင်တမံအား ကျေးရွာလူထု စွမ်းအားဖြင့် တည်ဆောက်ခဲ့သော နေရာဖြစ်ပြီး ၁၉၈၂ ခုနှစ်တွင် ရေများပြီး ဆည်ကျိုးသွားခဲ့ကြောင်း၊ ယင်းကဲ့သို့ ဖြစ်စဉ်ကို လေ့လာပြီး ဒီဒေသမှာ သဲဆန်သော မြေဒေသဖြစ်၍ ရေနှင့် တွေ့လျှင် ပျော်ဝင်သော မြေအမျိုးအစားဖြစ်သောကြောင့် တည်ဆောက်ရာတွင် မြေအမျိုးအစားကောင်းရရှိရန် ကြိုးစားရှာဖွေပြီး ဆောင်ရွက်ခဲ့ကြောင်း။

ပခုက္ကူမြို့နယ်သည် နှစ်စဉ် မိုးရေချိန် ၂၆လက်မသာ ရွာသွန်းခဲ့ကြောင်း၊ ထိုမိုးရေချိန်အရ ရရှိသော မိုးရေကို တမံပိတ်ပြီး သိုလှောင်ခြင်းအားဖြင့် ဒီဒေသ စိမ်းလန်းစိုပြည်လာမည်၊ ရေလှောင်ထားခြင်းဖြင့် ရာသီဥတုပြောင်းလဲလာမည်၊ ဒေသစိမ်းလန်း စိုပြည်ရေးနှင့် သစ်ပင်များပါ စိမ်းလန်းစိုပြည်လာမည် ဖြစ်ကြောင်း၊ ဒီဒေသသည် ပူပြင်းခြောက်သွေ့ပြီး ကျွဲရေ၊ နွားရေက အစ အလွန်ရှားပါးသော ဒေသဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ကျွဲရေ၊ နွားရေများ လူထုသောက်သုံးရေပါ အဆင်ပြေချောမွေ့လာမည်ဟု ယုံကြည်ကြောင်း"ဖြင့် ဦးဝင်းငွေက မြန်မာ့အလင်းသို့ ရှင်းလင်းပြောပြခဲ့သည်။

"ဒီဒေသဟာ မိုးခေါင်တဲ့ဒေသ ဖြစ်လို့ ဆည်တည်ဆောက်ပေးခြင်းကြောင့် အစစအဆင်ပြေလာမှာပါ"
ဦးမြင့်ဦး(တောင်သူ)
ပဲ၊နှမ်း၊ပြောင်း၊ ဝါ စိုက်သူ
စဘေ(အရှေ့)ကျေးရွာ

ဆက်လက်၍ ယခု သိုလှောင်ထားသော ရေပမာဏအားဖြင့် အောက်တိုဘာ၊ နိုဝင်ဘာတွင်ရွာသော မိုးရေပါဆိုလျှင် စိုက်ပျိုးရေ စတင်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ကြောင်း၊ ရေပြည့်လာသည်နှင့် ရေပေးရန်အတွက် တူးမြောင်းများ အဆင်သင့် တူးထားပြီးဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

ထို့နောက်ရေလှောင်တမံသို့လာရောက်လေ့လာကြည့်ရှုကြသော ဒေသခံများအား ဆက်လက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကျေးဇူးတင်

ရှေးဦးစွာ စဘေကျေးရွာ အမက (၆၃)မှ မူလတန်းပြဆရာမ ဒေါ်သန်းသန်းဦးအား တွေ့ဆုံမေးရာတွင် "ဤဒေသသည် ရေရှားပါးသော ဒေသဖြစ်ရာ ယခုလို ဆည်တည်ဆောက်ပေးလိုက်သည့်အတွက် ကျွဲ၊ နွား တိရစ္ဆာန်နှင့် ကျေးရွာလူထုပါ သောက်သုံးရေ ဖူလုံလာပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းများဖောက်ပေးခြင်းကြောင့် ကလေးများ ကျောင်းတက်ရာတွင် လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ယခင်က သောက်ရေအတွက် လက်ဖြင့်ယက်ပြီး တူးဖော်သောက်

"ရေနှင့်တွေ့လျှင် ပျော်ဝင်တတ်သော သဲဆန်သောဒေသဖြစ်နေ၍ မြေအမျိုးအစားကောင်းရရှိအောင် ကြိုးစားရှာဖွေ ဆောင်ရွက်ခဲ့ရပါတယ်"
ဦးဝင်းငွေ(ဦးစီးအရာရှိ)
တည်ဆောက်ရေး(၂)

သုံးနေကြသောဒုက္ခမှ ကင်းဝေးလာသဖြင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရပါကြောင်း"ဖြင့်ပြောသည်။

ဝမ်းသာ

ယင်းနောက် အိုင်ရှည်ကျေးရွာ အမက (၂၂)မှလာသော ဆရာမဒေါ်ကြင်ဆွေဦးအား တွေ့ဆုံမေးမြန်းရာတွင် "မိမိတို့ဒေသတွင် ယခုကဲ့သို့ ရေလှောင်တမံကြီး ဖြစ်လာလိမ့်မည်ဟု မမျှော်မှန်းခဲ့ပါ၊ ယခုလို ဖြစ်လာတော့ အလွန်ဝမ်းသာကြောင်း၊ ကျေးရွာအနေဖြင့် အစစ တိုးတက်လာကြောင်း၊ သွားလာရေး၊ စားသောက်ရေးတို့အတွက် ခက်ခက်ခဲခဲမရှိကြတော့သဖြင့် ဘယ်လို ပြောရမလဲဆိုတာ မသိကြောင်း၊ ပြောမပြနိုင်အောင် ဝမ်းသာရပါကြောင်း" ဖြင့် ပြောပြသည်။

ယာမှလယ်သို့

ထို့နောက် စဘေ(အရှေ့)ကျေးရွာမှ တောင်သူဦးမောင်မိုးအား တွေ့ဆုံမေးမြန်းရာတွင်"အလုပ်အကိုင်မှာပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးလုပ်ကိုင်ကြောင်း၊ အပူပိုင်းဒေသဖြစ်၍ ရေအခက်အခဲကြောင့် စပါးမစိုက်နိုင်ဘဲ ယာသီးနှံသာ စိုက်ပျိုးခဲ့ကြောင်း၊ ယာလုပ်ငန်းဖြင့် ၁၀ဧကစိုက်ခဲ့ကြောင်း၊ ရေလုံလုံလောက်လောက်ပေးနိုင်မည်ဆိုလျှင် စပါးကိုဦးစားပေးစိုက်မည်ဖြစ်ကြောင်း၊ ယာမှ လယ်သို့ပြောင်းစိုက်မည်ဖြစ်ကြောင်း၊ ဆည်ကြီးတည်ဆောက်ရာတွင် ငွေကြေးပမာဏများစွာ အကုန်အကျခံတည်ဆောက်ထားကြောင်း၊ ဒါကြောင့် ဆည်ကြီးရေရှည် တည်တံ့ခိုင်မြဲရေးကို မိမိတို့ ကျေးရွာလူထုက အသိစိတ်ဓာတ်အပြည့်အဝဖြင့် စောင့်ရှောက်ကြမည်ဟု ပြောလိုပါကြောင်း၊ ဒေသနေကျေးရွာလူထုအနေဖြင့် ဆည်ကြီး ရေရှည်ခိုင်မြဲအောင် စောင့်ရှောက်ကြပါရန်နှင့် တည်ဆောက်ပေးသော နိုင်ငံတော် အစိုးရအား အတိုင်းထက်အလွန် ကျေးဇူးတင်ပါကြောင်း။

ဒီဒေသသည် မိုးနည်းရေရှားသော ဒေသဖြစ်ပါကြောင်း၊ ယခုလို ဆည်ရေများ သိုလှောင်ပေးသဖြင့် နိုင်ငံ့အကြီးအကဲများအား အတိုင်းထက်အလွန် ကျေးဇူးတင်ရှိပါကြောင်း"ဖြင့် ပြောကြားသည်။



"မမျှော်မှန်းတာတွေဖြစ်လာတော့ ဝမ်းသာလွန်းလို့ ဘယ်လို ပြောရမှန်းတောင်မသိတော့ပါ"
ဒေါ်ကြင်ဆွေဦး(ကျောင်းဆရာမ)
အမက(၂၂) အိုင်ရှည်ကျေးရွာ

၄င်းနောက် စဘေအရှေ့ကျေးရွာမှ ဒုတိယနှစ်(ဓာတုဗေဒ)ကျောင်းသူ မသက်ခိုင်ထွေးအား မေးမြန်းရာတွင် "တက္ကသိုလ်ဝင်တန်း အောင်မြင်၍ အဝေးသင် တက္ကသိုလ်တက်နေကြောင်း၊ မန္တလေးတွင် တက်ကြောင်း၊ ယခုကဲ့သို့ မန္တလေးသို့သွားရောက်ပညာသင်နိုင်ခြင်းမှာ လမ်းပန်းဆက်သွယ်မှု လွယ်ကူ၍ ဖြစ်ကြောင်း၊ ဆည်တည်ဆောက်နိုင်ရန် လမ်းများပြုပြင်သဖြင့် သွားလာရေး၊ ပညာသင်ကြားရေး၊ စီးပွားရှာဖွေရေးတို့မှအစ အဆင်ပြေချောမွေ့နေကြောင်း၊ မိမိအနေဖြင့် အဝေးသင် တက္ကသိုလ် ဓာတုဗေဒပညာကို အလုပ်လုပ်ရင်း တက်နိုင်သည်မှာ သွားလာရေးလွယ်ကူခြင်းကြောင့် ဆည်ဆောက်ရန် လမ်းများပြုပြင်ထားခြင်းကြောင့်ဖြစ်၍ နိုင်ငံတော်အစိုးရအား ကျေးဇူးအထူးပင်တင်ပါကြောင်း"ဖြင့် ပြောကြားသည်။

"ဆည်တည်ဆောက်ရန် လမ်းများပြုပြင်ထားလို့ သွားရေးလာရေးလွယ်ကူ အဆင်ပြေလာပါတယ်၊ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်"
မသက်ခိုင်ထွေး
ဒုတိယနှစ်(ဓာတုဗေဒ)ကျောင်းသူ
စဘေ(အရှေ့) ကျေးရွာ

၄င်းနောက် စဘေအရှေ့ကျေးရွာမှ တောင်သူဦးမြင့်ဦးအား တွေ့ဆုံမေးမြန်းရာတွင်"စဘေရေလှောင်တမံ မတည်ဆောက်မီက ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစိုက်ပျိုးခဲ့ကြောင်း၊ စဘေတမံ တည်ဆောက်ပြီးနောက် စပါးစတင် စိုက်ပျိုးကြောင်း၊ စပါးသုံးဧက စိုက်ကြောင်း၊ မိုး စပါး စိုက်ကြောင်း၊ နွေစပါးမစိုက်နိုင်သေးကြောင်း၊ ဆည်ရေရမှ မိုးစပါးစိုက်ရန် အစီအစဉ်ရှိကြောင်း၊ ဆည်ရေသောက် ဒေသအတွင်းမှာ တောင်သူ ၂၀၀ ခန့်ရှိကြောင်း၊ စပါးစိုက်ဧက ၄၀၀ခန့် ရှိကြောင်း၊ ဆည်ရေရလျှင် နွေစပါးကိုပါ အားသွန်ခွန်စိုက် စိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ ဒီဒေသသည် မိုးခေါင်သောဒေသဖြစ်သောကြောင့် ဆည်တည်ဆောက်ပေးခြင်းဖြင့် အစစ အဆင်ပြေကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသဖြင့် နိုင်ငံတော် အကြီးအကဲနှင့် ဆည်မြောင်းဝန်ကြီးဌာနကို များစွာ ဝမ်းသာကျေးဇူးတင်ပါကြောင်း" ပြောကြားသည်။

"ရေလုံလုံလောက်လောက်ပေးနိုင်ရင် ယာမှလယ်သို့ ပြောင်း၍ စပါးကို ဦးစားပေးစိုက်မယ်"
ဦးမောင်မိုး(တောင်သူ)
စဘေကျေးရွာ

၄င်းနောက် စဘေအလယ်ရွာမှ မစုမြတ်နှင်းအား တွေ့ဆုံ၍ မေးမြန်းရာ "တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး လမ်းပန်းဆက်သွယ်မှု ကောင်းသဖြင့် ကျောင်းဆက်တက်မည်ဖြစ်ကြောင်း၊ သမိုင်းဘာသာ ဆက်သင်ယူမည် ဖြစ်ကြောင်း၊ အဝေးသင်ပညာ ပခုက္ကူတွင် သွားရောက် တက်မည်ဖြစ်ကြောင်း၊ မိဘများမှာ တောင်သူဖြစ်ပြီး မောင်လေးတစ်ယောက်ရှိကြောင်း၊ သွားလာရေး အဆင်ပြေပြီး ကျွဲနွားအတွက်ရေ၊ ကျေးရွာလူထုအတွက် သောက်သုံးရေ ဖူလုံလာကြောင်း၊ ဆည်ကြီး တည်ဆောက်ပေးသော နိုင်ငံတော် အကြီးအကဲများအား ကျေးဇူးတင်လျက် ရှိပါကြောင်း၊ ရွှေမလို၊ ငွေမလို ရေသာလိုသော ဒေသဖြစ်သောကြောင့် ရေရရှိသည်ကို ဝမ်းသာအားရစွာဖြင့် ပျော်ရွှင်နှစ်ခြိုက် ကျေးဇူးတင်လျက် ရှိပါကြောင်း"ဖြင့် ပြောကြားသည်။

စဘေ ရေလှောင်တမံ စီမံကိန်း တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ပခုက္ကူမြို့နယ်အတွင်းရှိ မြေဧရိယာဧက ၃၀၀ကို ယာမြေမှ လယ်မြေအဖြစ် ပြောင်းလဲနိုင်ပြီး မိုးရာသီတွင် ဆည်ရေအကူဖြင့် စိုက်ပျိုးစေ၍ ကျန်ဧက ၁၀၀ကို အခြားသီးနှံ စိုက်နိုင်ခြင်းကြောင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာပြီး ဒေသအတွင်း လူနေမှုအဆင့်အတန်း တိုးမြင့်လာမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာမေးမြန်းဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ယခင်က သောက်ရေကို လက်ဖြင့် ယက်ပြီး တူးဖော်သောက်သုံးရတဲ့ ဒုက္ခက ကင်းဝေးသွားပါပြီ"
ဒေါ်သန်းသန်းဦး
ကျောင်းဆရာမ
အမက(၆၃)စဘေ(အရှေ့)

ပခုက္ကူမြို့နယ် စဘေရေလှောင်တမံ၏ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်။ (မြန်မာ့အလင်း)



ဧရာဝတီတိုင်းကိုယ်စားပြုဇာတ်အဖွဲ့ ဘူရိဒတ်ဇာတ်တော်ကြီးယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၅

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်း ကိုယ်စားပြုဇာတ်အဖွဲ့က ဆယ်ဘွဲ့ဝင် ဆဋ္ဌမမြောက် ဘူရိဒတ်ဇာတ်တော်ကြီးအား ပြိုင်ပွဲဝင်ဖျော်ဖြေတင်ဆက်သည်။ (အပေါ်ပုံ)

ကြည့်ရှုအားပေး

အဆိုပါ ဘူရိဒတ်ဇာတ်တော်ကြီး ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြိုင်ပွဲဝင်ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ ဇာတ်သဘင်အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကျရာဇာတ်ရုပ်

ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲဝင် ဧရာဝတီတိုင်းကိုယ်စားပြု ဇာတ်အဖွဲ့တွင်ဇာတ်ညွှန်းရေးသားစီစဉ်ကြီးကြပ်သူအဖြစ် ဦးကိုကိုကြီး(ဟသ်ာတ)၊ စင်တင်ဒါရိုက်တာများအဖြစ် ဦးသန်းဝင်း(ဟသ်ာတ)နှင့် ဦးခင်ဝင်း(ဟသ်ာတ)၊ ရွှာစား ဦးစိန်ကျော်လွင်ဆိုင်းအဖွဲ့၊ ဘူရိဒတ်နဂါးမင်းအဖြစ် ဦးစဆန်းကို၊ သုဒဿန နဂါးမင်းအဖြစ် ဦးဟန်ဝင်းအောင်၊ သာဂရမင်းသားအဖြစ်ဦးလင်းထင်၊ ဗြဟ္မဒတ်မင်းအဖြစ် ဦးမြအေး၊ သမုဒ္ဒဇာနဂါးမင်းသမီးအဖြစ်ဒေါ်အေးအေးသက်၊ အဇမုခီနဂါးမင်းသမီးအဖြစ် ဒေါ်ခင်ထွေးကြည်၊ စူဠလိပ်အဖြစ် ဦးပေါက်ကျော်၊ အလမ္ဘာယ် ပုဏ္ဏားအဖြစ် ဦးပေါ်လွင်တို့က ပါဝင်ကြကာ ဇာတ်ပို့ဇာတ်ရံများက ကျရာဇာတ်ရုပ် အလိုက် ဇာတ်သဘင်အနုပညာပြည့်ဝစွာဖြင့် ဖျော်ဖြေတင်ဆက် ယှဉ်ပြိုင်ကြသည်။

ရည်ရွယ်ချက်

ဘူရိဒတ်ဇာတ်တော်ကြီးကိုအလေင်းတော် ဘူရိဒတ်နဂါးမင်း၏ မြင့်မြတ်သော သီလပါရမီတော်ကိုကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ သူတော်ကောင်းတို့၏ သည်းခံခြင်းတရားကို နားလည်နိုင်ကြစေရန်နှင့် မိတ်ဆွေကောင်းကို ပြစ်မှားသည့် မကောင်းမှုနှင့် ကျေးဇူးရှင်ကို ဒုက္ခပေးသည့် မိုက်ကြေးမိုက်ပြစ်တို့ကို အတုယူ မမှားကြစေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ယှဉ်ပြိုင်တင်ဆက်ခြင်းဖြစ်သည်။**(သတင်းစဉ်)**

မဟာ့မဟာပြိုင်ပွဲ

* စည်းနဲ့ဝါး စည်းနဲ့ဝါးဟု
ညီထားနရီ၊ ဘက်စုံစီအောင်
ထားသည်စည်းကမ်း၊ ထုံးတမ်းမဝေး
ကြေးကြိုးသားရေ၊ လေနှင့်လက်ခုပ်
လေးချက်အုပ်ချီ၊ အတည်မသွေ
ရှိကြစေရန်၊ မြန်မာ့ဟန်ကို
ရှင်သန်ထာဝရ၊ တည်တံ့ကြစေ
တောင်းဆုခြွေလျက်၊ နှစ်တွေညောင်းညောင်း
ပြောင်းခဲ့(၁၆)ကြိမ်၊ ရှိန်ဟုန်မပျက်
ချီတက်လျှောက်ဆဲ၊ ဤပြိုင်ပွဲတွင်
စုံလဲစုံစွာ၊ ဂီတာဒုံမင်း
စောင်းညင်းပတ္တလား၊ စန္ဒရားနှင့်
ချန်မထားမယ်ဒလင်၊ ဘင်ဂျိုလဲပါ
ဝမ်းမြောက်စရာတည့်၊ ရိုးရာဆိုင်းဝိုင်း
နှောင်ဒိုင်းဒူဝေ၊ စည်တော်ဖြေသည်
မြန်ပြေတစ်လွှား၊ လှပကြွားဘိ။

* ထိုသည့်တစ်ဖန်၊ ကဟန်သွယ်သွယ်
ဆိုဟန်နွယ်၍၊ ရေးဖွယ်ပညာ
ညီညာညက်ညော၊ ဂီတနော၍
အပြောမဟုတ်၊ အလုပ်နှင့်ပြ
အဓိကစိတ်ရင်း၊ နိုင်ခြင်းမဟုတ်
ပြိုင်ခြင်းဟုတ်မို့၊ ကိုယ်နှုတ်နှလုံး
ရွှင်ပြုံးဟဒယ၊ ရှိကြရသည်
မဟာ့မဟာပြိုင်ပွဲဖြစ်။
နှစ်ထောင့်ရှစ်ခုနှစ်။

* မျိုးချစ်စိတ်ထား ရှင်သန်ပွား
အများပြည်သူ ပျော်သည့်နှစ်။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးအားဂုဏ်ပြုလျက်-

ဘိုမျိုး (ရွှေဘို)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒသမနေ့ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီးသူရိန်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ လေ့လာရေး တိုင်းရင်းသား တိုင်းရင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကိုချစ်မြတ်နိုးသောပြည်သူများ အေးချမ်းပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ကွက်စိပ်ပြိုင်ပွဲ၏ရာဟုလာအမွေတောင်းခန်း ကွက်စိပ်ပြိုင်ပွဲကို နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်မှ လှိုင်ကော် သော်တာ(ခ)ဦးသန်းဦးက ဦးသောင်းညွှန့် ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ကရင်ပြည်နယ်မှပြည်နယ်မြဝင်းက ပြည်နယ်စိန်တိုး ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်မှ ဦးမြဘိုကေစိန်က စိန်စာကလေး ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ဧရာဝတီတိုင်းမှဦးသောင်းထွန်းက ကိုကိုဇော် ပုံ့ပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း အသီးသီး ကွက်စိပ်ဟောပြောပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးခေတ်ဟောင်း၊ကာလပေါ်တေး အဆိုပြိုင်ပွဲကို ယနေ့နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ ဒေါ်နီလာ၊ မကွေးတိုင်းမှ ဒေါ်သက်သက်စံ၊ ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံ၊ ပဲခူးတိုင်းမှ မဆုမြတ်သဲဝါ၊ ချင်းပြည်နယ်မှ မသန္တာအိယာန်လှေပါရဲ၊ ရှမ်းပြည်နယ်မှ မအေးအေးဖြူ၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးအေးစံ၊ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ရန်ကုန်တိုင်းမှ ဒေါ်ထူးသန္တာကျော်၊ မန္တလေးတိုင်းမှ မသင်းသင်းခိုင်၊ ကရင်ပြည်နယ်မှ မသဇင်ခိုင်၊ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ ကချင်ပြည်နယ်မှ ဒေါ်ဝင်းကျော့နွယ်၊ စစ်ကိုင်းတိုင်းမှ ဒေါ်နွယ်နွယ်ယဉ်နှင့် တနင်္သာရီတိုင်းမှ ဒေါ်မာမာစိန်တို့က **“ဖူးစာပိုင်”** သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင်အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မမိုင်းမိုင်းခန့်၊ ပဲခူးတိုင်းမှ မရွှေရည်ရတနာစိုး၊ စစ်ကိုင်းတိုင်းမှ မဆုဝေဝေလွင်၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ဧရာဝတီတိုင်းမှ မချိုဇင်သန့်၊ ချင်းပြည်နယ်မှ အက်စတာဒေါ်သ်ချင်းဆုန်၊ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထူး(ခ)စနေမ၊ မွန်ပြည်နယ်မှ မမေဇင်ဦး၊ ရန်ကုန်တိုင်းမှမခင်ဘုန်းပွင့်စံ၊ကရင်ပြည်နယ်မှ နန်းခင်သူရိန်နွယ်၊ မန္တလေးတိုင်းမှ မသုသုစံ၊ ရှမ်းပြည်နယ်မှ မဖြိုးပြည့်စုံကျော်၊ ကချင်ပြည်နယ်မှ မဝင်းနန္ဒာတို့က **“မေတ္တာ”** သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသား ခေတ်ဟောင်း၊ ကာလပေါ်တေးအဆို ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်ဇော်မိုးထက်၊ ကရင်ပြည်နယ်မှ မောင်ခမ်းဝမ်းလုံ၊ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရဲလွင်၊ မကွေးတိုင်းမှ မောင်ငြိမ်းချမ်းခိုင်၊ စစ်ကိုင်းတိုင်းမှ မောင်ဇင်ကိုကိုအောင်၊ မန္တလေးတိုင်းမှ မောင်ဇော်ဘိုဘို၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ ကချင်ပြည်နယ်မှ မောင်အောင်ရှင်းသန့်အောင်၊ မွန်ပြည်နယ်မှ မောင်ကျော်ဇင်လတ်၊ ပဲခူးတိုင်းမှ မောင်သန့်ဇော်အောင်နှင့် မန္တလေးတိုင်းမှ မောင်လှမျိုးဇော်တို့က **“ဗလငါးတန်”** သီချင်းဖြင့် လည်းကောင်း သီဆိုပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသား တယောထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်မင်းသီဟအောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိအမျိုးသားတယောထိုး ပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်စောကော်ဒိုစိုး၊ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူ၊ ရန်ကုန်တိုင်းမှမောင်မင်းသီဟအောင်၊ ကချင်ပြည်နယ်မှ မောင်ဂလောင်းယောဘနှင့်မန္တလေးတိုင်းမှမောင်ကျော်ဝဏ္ဏတို့က **“သုဝဏ္ဏသျှံ”**(ကာလပေါ်) သီချင်းဖြင့် တယောထိုး ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိအမျိုးသမီး တယောထိုးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှနော်ဆုရတနာမွန်၊ ကချင်ပြည်နယ်မှ မတင်တင်ဝေ၊ ရန်ကုန်တိုင်းမှ မစပယ်ဖူး၊ မန္တလေးတိုင်းမှ မချောကလျာစိုးနှင့် မပန်ပန်ရွှေစိုး၊ ကယားပြည်နယ်မှ ဂရေ့စ်ဂျာဆိုင်းဂျာတို့က **“သုဝဏ္ဏသျှံ”**(ကာလပေါ်)သီချင်းဖြင့် တယောထိုး ပြိုင်ပွဲ ဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသား တယောထိုးပြိုင်ပွဲကိုကျင်းပရာမန္တလေး တိုင်းမှ မောင်အောင်နိုင်ဦး၊ ဧရာဝတီ တိုင်းမှ မောင်ကျိန်လမ်မုန်နှင့် ရန်ကုန်တိုင်းမှမောင်စိုးဝေလင်းတို့က **မင်းလမ်းဆက်ကာ**(ကြိုး)သီချင်းဖြင့် တယောထိုး ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အဆင့်မြင့် ပညာအဆင့် အမျိုးသမီးတယောထိုးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မရွှေရင်ငြိမ်းနှင့် မဟန်ဆုလာဘ်၊ မန္တလေးတိုင်းမှ မရတနာဌေးနှင့် မချစ်ပုံ့ပုံ့၊ စစ်ကိုင်းတိုင်းမှ မစန်းစန်းဝေတို့က **“ရွှေအင်းဝ”**(ကာလပေါ်)သီချင်းဖြင့် တယောထိုးပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ မွန်ပြည်နယ်မှ ဦးချမ်းသာ၊ မန္တလေးတိုင်းမှ ဦးကျော်မိုးနိုင်၊ ပဲခူးတိုင်းမှ ဦးခင်ရီ(ခ)စိန်ကျော်သင်း၊ ရန်ကုန်တိုင်းမှမြို့တော်အေးမင်းအောင်၊ မန္တလေးမှ ဦးကောင်းသန့်နှင့် ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်တို့က **“ဗမ္မာ့ကျွန်းလုံး”**(သီချင်းခံ) သီချင်းဖြင့် ပတ္တလား အတီးပြိုင်ပွဲ ဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မရတနာဥ၊ ရန်ကုန်တိုင်းမှ မရတနာလင်း၊ ပဲခူးတိုင်းမှ မခင်ဖြူဖြူသင်း၊ ရန်ကုန်တိုင်းမှ မဝင့်ထက်ထက်ဖြိုးနှင့် မန္တလေးတိုင်းမှ မငြိမ်းအေးသူတို့က **“မြန်သပြေဗွေစာကျွန်းခြားမြေ”** (ယိုးဒယား)သီချင်းဖြင့် ပတ္တလားအတီးပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိ အမျိုးသမီးဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကို နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ကချင်ပြည်နယ်မှ မကြည်ကြည်သာ၊ မကွေးတိုင်းမှမနှင်းအိခိုင်၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ)မြန်မာပြည်ဖိုမ၊ မန္တလေးတိုင်းမှ မဖြူဖွေးသန့်နှင့်မအိသဉ္ဇာအောင်တို့သည် **“ပြောင်ပြောင်နာဂိန်”** သီချင်းဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)အထိအမျိုးသမီးဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မဝင့်သဉ္ဇာစတင်းနှင့် မဇာနည်နန်းလွင်တို့သည် **“မြန်သပြေဗွေဆင်းရွှေဝယ်”** သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မနုနုလွင်၊ ရန်ကုန်တိုင်းမှ မလှလှဌေးနှင့်ပေါက်ကျော်မ၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းတို့သည် **“စိန်ဝေလျှံ”**(ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ယီမင်၌ရေကြီး အနည်းဆုံး ၇၀သေဆုံး

ယီမင် အောက်တိုဘာ ၂၅

ယီမင်နိုင်ငံ၌ ယခုသီတင်းပတ် အစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အနည်းဆုံး လူ၇၀သေဆုံးသွားကြောင်း အင်တာနက်၌ သတင်းဖော်ပြသည်။ ထိုသို့ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် လေကြောင်းမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ နေအိမ်များမှာ ရွံ့အုတ်များဖြင့် တည်ဆောက်ထား၍ ပျက်စီးမှုများပြားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

● ကျောဖုံးမှ

ပထမဆုံး အကဲဖြတ်ဒိုင်လူကြီးများကို ကန်တော့လိုက်သည်။ မိမိထက် ပညာ၊သမ္မာ၊ဝါ အစစအရာရာ ကြီးမြင့်သူများအား ရိုသေဂါရဝပြုခြင်း

မျက်ဝါးထင်ထင်

စင်မြင့်ထက်၌ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် ကလေးငယ်များ တစ်ဦးပြီး တစ်ဦး တက်ရောက်ယှဉ်ပြိုင်သွားရာ တစ်ဦးနှင့်တစ်ဦး အရည်အချင်း သိပ်ကွာခြားမှု မရှိသည်ကို တွေ့ရသည်။ ပြိုင်ပွဲခန်းမအတွင်း လာရောက်ကြည့်ရှု အားပေးနေသော တိုင်းရင်းသူတစ်ဦးကိုတွေ့၍ မေးမြန်းကြည့်ရာ "မနွယ်နီထွန်းလို့ ခေါ်ပါတယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့မှာ နေထိုင်တာဖြစ်ပါတယ်၊ အခု ဒီပြိုင်ပွဲကြီးကို ပြည်နယ်နှင့်တိုင်းတွေက လေ့လာရေးအဖွဲ့ဝင် တစ်ဦးအဖြစ် လာရောက်လေ့လာခွင့်ရရှိတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲရောက်တော့ ကျွန်မတို့ မမြင်ဖူး၊မကြားဖူးတာတွေ ကြားသိမြင် တွေ့ခွင့်ရရှိတဲ့အပြင် တိုင်းရင်းသားပေါင်းစုံ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အနုပညာပွဲကြီးအဖြစ် မျက်ဝါးထင်ထင် မြင်တွေ့ရတော့ အံ့ဩမိပါတယ်၊ ဂုဏ်ယူစရာကောင်းတဲ့ ပြိုင်ပွဲကြီးပါပဲ"ဟု ကယားသံဝဲဝဲဖြင့် ပြောကြားသွားသည်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး စတင်ကျင်းပခဲ့သည်မှ ယခုအကြိမ်အထိ ပြည်နယ်နှင့်တိုင်းများမှ လေ့လာရေးအဖွဲ့ဝင်များကို ဖိတ်ကြားကာ ပြိုင်ပွဲကျင်းပသည့်ရက်များအတွင်း လှည့်လည် ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကွက်စိပ်ပြိုင်ပွဲ ကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိခဲ့သည်။

ဟောပြော

ခန်းမအတွင်း စင်မြင့်ပေါ်၌ ပြိုင်ပွဲဝင် တစ်ဦးယှဉ်ပြိုင်နေသည်ကို တွေ့ရသည်။ သေသေချာချာကြည့်လိုက်ရာ ဇရာဝတီတိုင်းမှ ကွက်စိပ်တောင်းခန်းကို ပီပြင်စွာ ဟောပြောသွားနိုင်ခဲ့သည်။

ခန်းမအတွင်း ကရင်ရိုးရာဝတ်စုံဝတ်ထားသူ လူငယ်တစ်ဦးကို မေးမြန်းရာ "ကျွန်တော်က ကရင်ပြည်နယ် ဘားအံမြို့ကဖြစ်ပါတယ်။ အမည်က မောင်ဇော်ဇော်အောင်ဖြစ်ပါတယ်။ ဦးထွန်းမြင့်(ခ)ဇင်မိုးနောင်းအဖွဲ့ရဲ့ ပြဇာတ်ပြိုင်ပွဲဝင် တစ်ဦးပါ။ ကျွန်တော်တို့က "**လူငယ်အားမာန် မိုးယံဆီသို့**"ဆိုတဲ့ ပြဇာတ်ပြိုင်ပွဲမှာ ကရင်ပြည်နယ် ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်က ပြဇာတ်မှာ ရွာသားအဖြစ်

"လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ် ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။

မောင်ဇော်ဇော်အောင်
(ကရင်ပြည်နယ်)

အသက် (၁၀)နှစ်မှ(၁၅)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မကွေးတိုင်းမှ မနှင်းအိခိုင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

"ပြိုင်ပွဲဝင်တာ ခြောက်ကြိမ်ရှိပါပြီ"

မကြည်ကြည်သာ
(ကချင်ပြည်နယ်)

"အကောင်းဆုံး သီဆိုနိုင်ခဲ့ပါတယ်"

မမေဇင်ဦး
(မွန်ပြည်နယ်)

ဖြစ်သည်။ချင်းပြည်နယ်ကိုယ်စားပြု အခြေခံ (၅-၁၀) ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲဝင် အက်စတာဒေါ်သ်ချင်းဆုန်။

အရည်အချင်းပြည့်မီ

စန္ဒရားတီးလုံး တို့ထိလှုပ်ခတ်မှုနှင့်အတူ သာယာငြိမ့်ညောင်းသောတေးသံ ထွက်ပေါ်လာသည်။ စည်းနှင့်ဝါးကို လက်တစ်ဖက် တစ်ချက်ကိုင်ပြီး တည်တည်ငြိမ်ငြိမ်နှင့် ပြိုင်ပွဲဝင်နေမှုက မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိနေသည့်ဟန်၊ သံစဉ်တေးသွားနှင့် နရီစည်းဝါး ကိုက်ညီမှုဖြစ်အောင် ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်စွမ်းရှိရာ ပရိသတ်လည်း တုတ်တုတ်မျှ မလှုပ်အောင် ဖမ်းစားသည်။ အသံအဆွဲအငင် အဖြတ်တောက် မှန်ကန်ကောင်းမွန်မှု၊ ချင်းသံဝဲဝဲဖြင့် သီဆိုနိုင်မှုများကား နားဝင်ပီယံ ဖြစ်လှသည်။ သီချင်းသီဆိုမှုအရည်အချင်းပြည့်မီသူ ကလေးငယ်တစ်ဦးပင်။

ပြိုင်ပွဲဝင်ပြီး စင်မြင့်ပေါ်က ဆင်းလာသည်နှင့် တွေ့ဆုံမေးမြန်းရာ "သမီးက ချင်းပြည်နယ် ဟားခါးမြို့မှာ နေထိုင်ပါတယ်၊ အသက်က ကိုးနှစ်ရှိပါပြီ၊ ဒါဒုတိယအကြိမ် ပြိုင်ပွဲဝင်ခြင်းဖြစ်တာမို့ ရင်တော့ခုန်ပါတယ်၊ ကြောက်တော့ မကြောက်ပါဘူး၊ မနှစ်ကတော့ ဆုတံဆိပ် မရရှိခဲ့ပေမယ့် ဒီနှစ်တော့ မျှော်မှန်းထားပါတယ်"ဟု မျှော်လင့်ချက်လေးဖြင့် ပြောကြားသည်။

ပြိုင်ပွဲဝင် ဦးသောင်းထွန်းဖြစ်သည်။ အသံ၊ ဟန်၊ ပါဠိတို့ လိုက်ဖက်ညီစွာ မှန်ကန်အောင် အငို၊အသော၊အလွမ်းတို့ စုံလင်စွာဖြင့် ရာဟုလာအမွေ

သရုပ်ဆောင်ခဲ့တာဖြစ်ပြီး အားလုံး ညီညီညွတ်ညွတ်နဲ့ ပြိုင်ပွဲဝင်နိုင်ခဲ့တာမို့ ဆုတံဆိပ်ကို မျှော်နေပါတယ်"ဟု ပြောကြားသွားသည်။

ပျော်စရာကောင်း

(၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ပြိုင်ပွဲအတော်များများ ပြီးဆုံးသွားပြီဖြစ်ရာ ပြိုင်ပွဲဝင်ပြီးသွားသူများကဆက်လက်ယှဉ်ပြိုင်နေသူများအား လိုက်လံအားပေးလျက်ရှိကြသည်။ ခန်းမအတွင်း မွန်ရိုးရာဝတ်စုံဖြင့် ဝတ်ဆင်ထားသူ သမီးငယ်တစ်ဦးကို တွေ့၍မေးမြန်းရာ "သမီးအမည်က မမေဇင်ဦးဖြစ်ပါတယ်၊ မော်လမြိုင်မြို့ ဇာတိပါ၊ သမီးက အခြေခံ(၅-၁၀) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပြီးပါပြီ။ ဒီနှစ်မှ စတင်ယှဉ်ပြိုင်တာ ဆိုပေမယ့် သမီးအကောင်းဆုံး သီဆိုနိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ သမီးတို့လို ရွယ်တူတွေ အများကြီး ပြိုင်ပွဲဝင်ကြတာမို့ ပျော်စရာကောင်းပါတယ်၊ သမီးက နှစ်တိုင်း ပြိုင်ပွဲဝင်သွားမှာပါ"ဟု ပြောကြားသွားသည်။

ဆိုင်းတစ်ဦးချင်း

ထို့နောက်ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိခဲ့သည်။လက်ကျလက်န ကောင်းမွန်ပြီး အသံပြတ်သားအောင် တီးနိုင်သူ တစ်ဦး၏ပြိုင်ပွဲဝင်လက်သံကို ပြိုင်ပွဲခန်းမအပြင်မှပင် အတိုင်းသားကြားရသည်။ ပြိုင်ပွဲခန်းမအတွင်း လှမ်းအဝင်မှာပင် ဆိုင်းတီးလုံး လက်သံက ပြောင်မြောက်စွာ တီးနိုင်သည်ကို နားဆင်မိသည်။ ပြိုင်ပွဲအပြီး စင်မြင့်ပေါ်မှ ဆင်းလာသူ ပြိုင်ပွဲဝင်ကို တွေ့ဆုံ မေးမြန်းရာ "ကချင်ပြည်နယ်က ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲဝင်ဖြစ်ပါတယ်၊ အမည်က မကြည်ကြည်သာလို့ ခေါ်ပါတယ်၊ ပြိုင်ပွဲဝင်ခဲ့တာ ခြောက်ကြိမ်ရှိပါပြီ၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ စိတ်တိုင်းကျ ပြိုင်နိုင်ခဲ့တော့ အမြင့်ဆုံးဆု မှန်းထားပါတယ်"ဟု ပြောကြားသွားသည်။

အားမာန်အပြည့်

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေ၌ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်နေဆဲ၊ အဆို၊ အက၊ အရေး၊ အတီးသံများက ပျံ့လွင့်နေဆဲ၊ ပြည်နယ်နှင့်တိုင်းအသီးသီးက ပြိုင်ပွဲဝင်တို့၏ အားမာန်အပြည့် ရှင်သန်မှုများက ဖုံးလွှမ်းနေဆဲပင်....။ **(မြန်မာ့အလင်း)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အောက်တိုဘာ ၂၆ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၁၁	၂၆-၁၀-၂၀၀၈ (တနင်္ဂနွေနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ ဇာတ်သဘင်	ရာဟုလာအမွေတောင်းခန်း ဘူရိဒတ်ဇာတ်တော်ကြီး(ရန်ကုန်တိုင်း)	၀၉၀၀ ၁၉၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(မယ်ဒလင်) အတီး(မယ်ဒလင်)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အဆင့်မြင့်ပညာ(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	အဆင့်မြင့်ပညာ(အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀

● ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် သစ်ပင်တောင် ကျေးရွာရှိ ဦးလောကျန်း၏ ဥစားကြက် မွေးမြူရေးခြံကို လည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်ရှိ သရက်ပင်နှင့်လိမ္မော်ပင်များကြား၌ အောင်မြင်ဖြစ်ထွန်းနေသော ပန်းနှမ်း၊ ပဲစင်းငုံနှင့် စပါးခင်းများကို လည်းကောင်း၊ လမ်း၊တံတားအခြေအနေများကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး မိုင်းပျဉ်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုများအားတွေ့ဆုံကာ စစ်သည်မိသားစုများအတွက် ဆေးဝါးပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် မိုင်းပျဉ်းအခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းဆောင်များ တည်ဆောက်ထားမှုနှင့် ကျောင်းပတ်ဝန်းကျင်ကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ချီးမြှင့်ငွေများကို လည်းကောင်း၊ တာဝန်ခံ ကျန်းမာရေးဆရာမထံ မိုင်းပျဉ်းကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

အဆိုပါဂြိုဟ်တုသည် ကာကွယ်ရေး၊သိပ္ပံနှင့်စီးပွားရေးဆိုင်ရာ လုပ်ငန်းများအတွက် ပုံများရိုက်ကူးနိုင်သည့် ရေဒါတစ်ခုပါရှိသည်။ ၄င်းဂြိုဟ်တုသည် ကော့စမိုစကိုင်းမက်ဟုခေါ်သော ဂြိုဟ်တု အမျိုးအစားဖြစ်ပြီး အီတလီအာကာသအေဂျင်စီနှင့် အီတလီကာကွယ်ရေးဝန်ကြီးဌာနတို့အကြား သဘောတူညီချက်တစ်ရပ်အရ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ဒုံးပျံကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း၊ ဒုံးပျံသိပ္ပံနည်းပညာ တိုးတက်နေပြီဖြစ်၍ မိမိနှင့်လုပ်ဖော်ကိုင်ဖက်များက အောင်မြင်စွာ ဒုံးပျံလွှတ်တင်နိုင်ခဲ့ကြောင်း အီတလီအာကာသယာဉ်လွှတ်တင်ရေးမစ်ရှင်မှ ဗိုလ်မှူးကြီးဒေးဗစ်ဘတ်က ပြောကြားသည်။

စတုတ္ထမြောက်ဂြိုဟ်တု

အီတလီနိုင်ငံက ပထမဆုံးသော ဂြိုဟ်တုနှစ်လုံးကို ပြီးခဲ့သည့်နှစ်က လော့အိန်ဂျလိစ်မြို့အနောက်ဘက် မိုင် ၁၃၀အကွာ ဘန်ဒန်ဘတ်ဒေသမှ လွှတ်တင်ခဲ့သည်။ တတိယမြောက် လွှတ်တင်ခဲ့သည့် အဆိုပါဂြိုဟ်တုသည် တစ်ရက်လျှင် ကမ္ဘာမြေ၏ ဓာတ်ပုံများကို ပုံပေါင်း ၉၀၀မှ၁၃၀၅၀အထိ ရိုက်ကူးနိုင်စွမ်းရှိကြောင်း၊ စတုတ္ထမြောက် ဂြိုဟ်တုကို ၂၀၁၀ပြည့်နှစ်အစောပိုင်းတွင်လွှတ်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဒေးဗစ်ဘတ်က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု
ကိုးကားတင်ပြသည်

မုန်တိုင်းငယ်ပိုမိုအားကောင်းလာ၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်ကမ်းခြေကုန်းတွင်းဝင်ရောက်နိုင်

ရန်ကုန် အောက်တိုဘာ ၂၅

အောက်တိုဘာ ၂၅ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကိုဖော်ပြရလျှင် ကရင်ပြည်နယ်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး မွန်ပြည်နယ်၌ နေရာကွက်ကျား မိုးရွာခဲ့သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာစိပ်စိပ်မိုးရွာခဲ့သည်။ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၂၅ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(ရေဆင်း)	**၁ ဒသမ ၃၄ လက်မ**
နေပြည်တော်(တပ်ကုန်း)	**၁ ဒသမ ၈၉ လက်မ**
မကွေး	**၁ ဒသမ ၄၆ လက်မ**
စစ်တွေ	**၂ ဒသမ ၁၂ လက်မ**
ဖျာပုံ	**၂ ဒသမ ၀၅ လက်မ**
ပင်လောင်း	**၂ ဒသမ ၀၁ လက်မ**

အောက်တိုဘာ ၂၆ရက် **(ယနေ့)** တိုင်းနှင့်ပြည်နယ်များ၏ မိုးလေဝသအခြေအနေကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

အောက်တိုဘာ ၂၆ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ယနေ့မြန်မာစံတော်ချိန် ညသုံးနာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး မြောက်အရှေ့ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားလာကာ နောက်၃၆နာရီအတွင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ကမ်းခြေကို ဖြတ်ကျော်ပြီး ကုန်းတွင်းသို့ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။

မြန်မာ့ပင်လယ်ပြင်တွင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

ဘူရိဒတ်ဇာတ်တော်ကြီး

ဒေါက်တာခင်မောင်ညွန့်

မြန်မာ့ရိုးရာယဉ်ကျေးမှု ဇာတ်သဘင်သည် အဓိက အားဖြင့် မြတ်စွာဘုရား၏ ၅၅၀နိပါတ်များနှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့မှ ရွေးချယ်တင်ဆက်သော သဘင်ဖြစ်သည်။ ထို့ကြောင့် ဇာတက - ဇာတ်ဟု တွင်သည်။ အခြားသမိုင်း၊ ပုံပြင်၊ ဘုရားသမိုင်း၊ သိုက်သမိုင်းများကိုလည်း အခါအားလျော်စွာ တင်ဆက်ကပြပါသည်။ ပြီးခဲ့သော ၁၅ နှစ်အတွင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် တေမိ၊ မဟာဇနက၊ သုဝဏ္ဏသျှံ၊ မဟော်သဓာ၊ ဝိဓူရ၊ ဝေသန္တရာ၊ ကုသ၊ ဆဒ္ဒန်ဆင်မင်း၊ ရာမဇာတ်များကို လူကသောဇာတ်နှင့် ရုပ်သေးကသောဇာတ်များတွင် ယှဉ်ပြိုင်ကပြခဲ့ပြီးဖြစ်သည်။ ယခုနှစ် (၁၆)ကြိမ်မြောက် ပြိုင်ပွဲကြီးအတွက် ဘူရိဒတ်ဇာတ်ကြီးကို ရွေးချယ်ယှဉ်ပြိုင်ကြပါသည်။ ပါရမီဆယ်ပါးဖြည့်ခြင်းကို ဖော်ပြသော ဇာတ်ကြီးဆယ်ဘွဲ့အနက် သတ္တမမြောက် ဇာတ်တော်ကြီးဖြစ်သော ဘူရိဒတ်ဇာတ်တော်ကြီးကား သီလနှင့်ခန္တီပါရမီနှစ်ပါးကို ဖြည့်ဆည်းသော ဇာတ်တော်ဖြစ်သည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဥပုသ်သီတင်း ဆောက်တည်နေကြသော ဒါယကာတို့ကို အကြောင်းပြု၍ ဘူရိဒတ်နဂါးမင်းဘဝက သီလနှင့် ခန္တီပါရမီ ဖြည့်ဆည်းခဲ့ခြင်းအကြောင်းကို ဂေါတမမြတ်စွာဘုရားက ဂါထာပေါင်း ၂၉၈ ပုဒ်ဖြင့် ဟောကြားတော်မူခဲ့သည်။ ဇာတ်တော်၏ အကျဉ်းချုပ်မှာ ဤသို့တည်း။

ဘူရိဒတ်နဂါးမင်းသည် သိကြားမင်းစည်းစိမ်ကို တွေ့မြင်၍ တောင့်တမိသည်။ နတ်သိကြားဖြစ်လိုသောကြောင့် ဥပုသ်သီတင်း ဆောက်တည်နေခဲ့သည်။ နဂါးပြည်တွင် အနှောင့်အယှက်များသောကြောင့် လူ့ပြည်သို့ လာခဲ့ပြီး ဗာရာဏသီပြည်အနီး ယမုန်နာမြစ်ကမ်းဘေး၌ ဥပုသ်သီတင်း ဆောက်တည်နေသည်။ နေသာဒပုဏ္ဏား မုဆိုးသားအဖသည် သမင်လိုက်ရင်း ထိုနေရာသို့ရောက်လာကြသည်။ ဘူရိဒတ် နဂါးမင်းက မုဆိုးသားအဖတို့သည် သူရှိရာအရပ်သို့ အလမ္ပာယ်သမားအား ညွှန်ပြခဲ့သော် အနှောင့်အယှက် ဖြစ်မည်စိုး၍ မုဆိုးသားအဖအား နဂါးပြည်သို့ ခေါ်ဆောင်သွားကာ စည်းစိမ်ခံစားနေစေသည်။ သို့သော် မုဆိုးသားအဖ မပျော်ပိုက်သောကြောင့် လူ့ပြည်သို့ ပြန်ပို့ရသည်။ ဆုတောင်းတိုင်းပြည့်စေသော ပတ္တမြားကြီးကို ဘူရိဒတ်က နေသာဒမုဆိုးအားပေးရာ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “မဟာဗုဒ္ဓဝင်တောထွက်ခန်း” ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် မကွေးတိုင်း ကိုယ်စားပြု တိုင်းချစ်ရုပ်စုံအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

ရဟန်းဝတ်လို၍ လူ့ပြည်ပြန်ချင်ကြောင်း ပြောမိသော နေသာဒမုဆိုးသည် ပတ္တမြားကြီးကို လက်မခံဝံ့ချေ။

ရသေ့တစ်ပါးသည် သူ့အား ဂဠုန်မင်းကပေးထားသည့် မြွေ၊ နဂါးတို့ကို နိုင်သော မန္တန်တစ်ပုဒ်ကို ပုဏ္ဏားတစ်ဦးအား ပေးလိုက်သည်။ ထိုပုဏ္ဏားသည် လက်ခံပြီး အလမ္ပာယ်အဖြစ် အသက်မွေးရန် ဆုံးဖြတ်သည်။ ယမုန်နာမြစ်ကမ်းဘေးတွင် တောင့်တတိုင်း ပြည့်စေသော ပတ္တမြားကြီးကိုထားရစ်ပြီး နဂါးပျိုမကလေးများသည် မြစ်တွင်း၌ ရေကစား ပျော်ပါးနေကြသည်။ ပုဏ္ဏားက မန္တန်ကို ရွတ်လိုက်သောအခါ နဂါးပျိုမကလေးများ ကြောက်လန့်ထွက်ပြေးသွားကြရာ ပုဏ္ဏားသည် ပတ္တမြားကို ရလိုက်သည်။ နေသာဒပုဏ္ဏား မုဆိုးသားအဖတို့ ပုဏ္ဏားလက်ဝယ်တွင် ပတ္တမြားကိုမြင်သောအခါ ရလိုသောကြောင့် ရွှေတစ်ပိဿာနှင့်ဝယ်ရန် စကားကမ်းရာ ပုဏ္ဏားက မရောင်းလိုကြောင်း ငြင်းပယ်သည်။ ထိုအခါ နေသာဒက ဘူရိဒတ်နဂါးရှိသောနေရာကို လိုက်ပြမည်၊ ပတ္တမြားကို ပေးပါဟု တောင်းသောအခါ သဘောတူသည်။ နေသာဒ၏ သား သောမဒတ်က ဖခင်အား ကျေးဇူးမဲ့ သစ္စာဖောက်သည်ဟု ပြောပြီး ဟိမဝန္တာတောသို့သွား၍ ရသေ့ဝတ်လေသည်။ ဘူရိဒတ်နဂါးမင်းသည် ရန်သူနှင့်ကြုံမှန်း သိလျက်နှင့် သီလစောင့်ထိန်းမှုမပျက်စေဘဲ သည်းခံတရားနှင့် မေတ္တာပွားကာ အလမ္ပာယ်ပုဏ္ဏား၏ အဖမ်းခံလိုက်သည်။ နေသာဒလည်း ပတ္တမြားရ၍ ထွက်ခွာသွားသည်။

သီလစောင့်နေသော ဘူရိဒတ်နဂါးမင်းအား ပခြုပ်တွင်းထည့်၍ အရပ်တကာလှည့်ကာ အလမ္ပာယ်ပြစားနေရာ ပုဏ္ဏားသည် ကျော်ကြားကြွယ်ဝ ချမ်းသာလာသည်။

ဘူရိဒတ် နဂါးမင်း၏မယ်တော် သမုဒ္ဒဇာသည် မကောင်းသော အိပ်မက်မြင်မက်သဖြင့် လူ့ပြည်သို့ ဥပုသ်စောင့်သွားသော သားဘူရိဒတ်အတွက် စိုးရိမ်လာသည်။ မိခင်ထံလစဉ် လာရောက်ကန်တော့ကြသော အခြားသားတော်တို့အား အိပ်မက်ဆိုးအကြောင်း ပြောပြပြီး ဘူရိဒတ်ကို ရှာကြရန်ပြောသည်။ သားတော်ကြီး သုဒဿနက ညီတော်သုဘောဂအား ဟိမဝန္တာသို့ စေလွှတ်၍ ရှာဖွေစေသည်။ ညီတော်အငယ် ကာကာရိဋ္ဌအား နတ်ပြည်သို့ စေလွှတ်၍ ရှာစေသည်။ သူကမူ ရသေ့အသွင်ဆောင်၍ လူ့ပြည်သို့ ရှာရန် ထွက်လာသည်။ သူနှင့်အတူ အဖေတူ အမေကွဲနှမ အဇမုခိနဂါးမကလည်း ဖားငယ်အသွင်ဆောင်ကာ လိုက်ပါလာသည်။

ဗာရာဏသီမင်း သာဂရဗြဟ္မဒတ်မင်းရှေ့တွင် အလမ္ပာယ်ကစားပြရန် အလမ္ပာယ်ပုဏ္ဏား ရောက်လာသည်။ ဤမင်းသည် ဘူရိဒတ်၏ မယ်တော်သမုဒ္ဒဇာ၏ မောင်တော်ဖြစ်သည်။ ဘူရိဒတ်၏ ဦးရီးတော် ဖြစ်သည်။ ထိုနန်းတော်သို့ သုဒဿနနှင့် အဇမုခိတို့လည်း ဘူရိဒတ်ကိုရှာရန်ရောက်လာကြသည်။ အလမ္ပာယ်ပုဏ္ဏားသည် ပခြုပ်အတွင်းမှ ဘူရိဒတ်ကိုထုတ်ပြီး အလမ္ပာယ်ကစားသည်။ ဘူရိဒတ်သည် နှောင်တော်နှင့် နှမတော်တို့ကို မြင်တွေ့လိုက်သဖြင့် မျက်ရည်ယိုစီးလျက် နှောင်တော်ထံသွား၍ ခြေဖမိုးပေါ် ခေါင်းတင်ရာ ညီနောင်နှစ်ဦး ငိုကြွေးကြသည်။ ဘူရိဒတ်က သုဒဿနအား ပေါက်သတ်သည်ထင်၍ အလမ္ပာယ်ပုဏ္ဏားသည် မြွေဆိပ်ကျစေရန် ဂါထာမန္တရားမှုတ်ရန် လာသောအခါ သုဒဿနက အလမ္ပာယ်ပညာ၌ သူ့ထက်သာသူမရှိ မန္တရားမှုတ်ရန်မလိုဟု ပြောလိုက်သောကြောင့် ပုဏ္ဏားနှင့် သုဒဿနတို့ တန်ခိုးပြိုင်ကြလေသည်။ နှမတော် ဖားမကလေး အကူအညီဖြင့် သုဒဿန အနိုင်ရပြီး ရှုံးသွားသော အလမ္ပာယ်ပုဏ္ဏားသည်လည်း နူသွားလေသည်။ ဘူရိဒတ်အား လွှတ်ပေးလိုက်ရသည်။ ဗာရာဏသီမင်း၊ ဘူရိဒတ်၊ သုဒဿနနှင့်အဇမုခိတို့ အဆွေအမျိုး အဖြစ်မှန်သိကြ၍ တောထွက်ရသေ့ဝတ်နေသော သူတို့၏ ဘိုးတော် ယခင်ဗာရာဏသီမင်းထံသွားရောက် ကန်တော့ရန် ချိန်းဆိုကြသည်။ ဘူရိဒတ်တို့ ညီအစ်ကိုတို့လည်း နဂါးပြည်သို့ ပြန်လာကြသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီး ပြိုင်ပွဲတွင် မန္တလေးတိုင်းကိုယ်စားပြု ချစ်နော် ဇာတ်အဖွဲ့က ဘူရိဒတ်ဇာတ်တော်ကြီးဖြင့် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ခဲ့စဉ်။

ဟိမဝန္တာတောတွင် ဘူရိဒတ်ရှာဖွေရန် လာခဲ့သော ညီတော် သုဘောဂနဂါးသည် နေသာဒပုဏ္ဏားမုဆိုးကို တွေ့သဖြင့် အပြစ်ပေးရန် နဂါးပြည်သို့ ခေါ်ဆောင်လာသည်။ ဘူရိဒတ်၏ အိပ်ဆောင်ကိုစောင့်သော ကာကာရိဋ္ဌနဂါးသည် ယခင်ဘဝက ပုဏ္ဏားဖြစ်ခဲ့ဖူးသောကြောင့် နေသာဒပုဏ္ဏားကို မသတ်ရန်၊ ပုဏ္ဏားတို့သည် ဗြဟ္မာမင်းမှ ဆင်းသက်သူများဖြစ်ပြီး လူသားတို့အကျိုးအတွက် ယဇ်ပူဇော်ပေးသူများ ဖြစ်ကြောင်း ပြောပြသံကို ဘူရိဒတ်ကြားသောအခါ ယဇ်ပူဇော်ခြင်းသည် လွဲမှားသော အယူဝါဒဖြစ်ကြောင်း ရှင်းပြပြီး ဓမ္မတရားစစ်ကိုဟောကြားရာ ယဇ်ပူဇော်မှုကို ယုံကြည်နေသူများအကျွတ်တရားရကြလေသည်။ နေသာဒကိုလည်း နဂါးပြည်မှ နှင်ထုတ်လိုက်သည်။

ချိန်းဆိုထားသောနေ့တွင် ဘူရိဒတ်နှင့် ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်းများ ဘိုးတော်ရသေ့ကြီးကျောင်းသို့ စုပေါင်းရောက်လာပြီး ကန်တော့ကြသည်။ ဘူရိဒတ်နဂါးမင်းလည်း အသက်ထက်ဆုံး သီလဆောက်တည်ပြီး ခန္တီပါရမီကို ဖြည့်ဆည်းသွားလေသည်။

ဇာတ်ပေါင်းသောအခါ ဘူရိဒတ် မိဘနှစ်ပါးသည် ဂေါတမဘုရား၏ ခမည်းတော်၊ မယ်တော်များဖြစ်လာသည်။ နေသာဒမုဆိုးသည် ဒေဝဒတ်၊ နေသာဒသားသည် အာနန္ဒာ၊ အဇမုခိသည် ဥပ္ပလဝဏ်ထေရီ၊ သုဒဿနသည် ရှင်သာရိပုတ္တရာ၊ သုဘောဂသည် ရှင်မောဂ္ဂလန်၊ ကာကာရိဋ္ဌသည် သုနက္ခတ်ဖြစ်လာကြပြီး ဘူရိဒတ်နဂါးမင်းကား ဂေါတမမြတ်စွာဘုရား ဖြစ်လာပါသည်။

နိပါတ်ခင်း၊ မြေဝိုင်း၊ ကွက်စိပ်၊ ရုပ်သေးဇာတ်အားလုံးသည် ဇာတ်နိပါတ်တော်များကိုသာ အများဆုံး ခင်းကျင်း တင်ဆက်ပြသပြီး လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း ဆုံးမသွန်သင်မှုများဖြစ်သည်။ ဖျော်ဖြေရေး သက်သက်မဟုတ် ပညာပေးခြင်း၊ အကျင့်သီလသမာဓိ သင်ခန်းစာပေးခြင်းများ ဖြစ်သောကြောင့် **“ဇာတ်သမားလာရင် မှတ်သားစရာပါသည်၊ ဇာတ်သမားပြန်ရင် မှတ်သားစရာ ကျန်ရစ်သည်”** ဟု အဆိုရှိခဲ့သည်။

ဇာတ်သဘင်ဟု ဆိုလိုက်သည်နှင့် အနုသုခုမပညာ ပေါင်းစုံသောသဘင်ဖြစ်သည်။ အဆို၊ အငို၊အက၊အတီး၊ ဂီတ၊ သရုပ်ဆောင်၊ ဇာတ်စကားပြော၊ ဇာတ်ဟန်ပန်၊ ဇာတ်ဝတ် ဇာတ်စား၊ မင်းခမ်းမင်းနား၊ အငို၊ အလွမ်း၊ အဆွေး၊ အသောအရွှမ်း၊ ကရုဏာရသ၊ ဟာသရသ ဘက်စုံသော သဘင်ဖြစ်သည်။ မြန်မာ့ထီးနန်း၊ ကြငှန်း၊ အချုပ်အခြာအာဏာ သဘော လက္ခဏာများကို သိုက်မြိုက် ခမ်းနားစွာ ခင်းကျင်းတင်ဆက်ကပြသော သဘင်ကြီး ဖြစ်သောကြောင့် မြန်မာ့အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြန်မာ့ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းပေးသော ပွဲကြီး ဖြစ်ပါတော့သည်။ ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဥပုသ်သီတင်း ဆောက်တည်နေကြသော ဒါယကာတို့ကို အကြောင်းပြု၍ ဘူရိဒတ်နဂါးမင်းဘဝက သီလနှင့် ခန္တီပါရမီ ဖြည့်ဆည်းခဲ့ခြင်း အကြောင်းကို ဂေါတမမြတ်စွာဘုရားက ဂါထာပေါင်း ၂၉၈ ပုဒ်ဖြင့် ဟောကြားတော်မူခဲ့။

❒ *ကျောဖုံးမှ*

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အနေဖြင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ တိုးတက်ဖြစ်ထွန်းလာစေရန်ရည်ရွယ်လျက် သုတေသနစာတမ်းဖတ်ပွဲများကို ကျင်းပလာခဲ့သည်မှာ အဋ္ဌမအကြိမ်သို့ပင် တိုင်ခဲ့ပြီဖြစ်သည်။

အထောက်အကူပြု

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များ တိုးတက်ထွန်းကားလာစေရေးကို အထောက်အကူပြုစေမည့် ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များ ရှာဖွေ၊ စုဆောင်း ဖတ်ကြား တင်ပြဆွေးနွေးသည့် စာတမ်းဖတ်ပွဲများကျင်းပရာ ရန်ကုန်တက္ကသိုလ်သို့ အောက်တိုဘာ ၂၄ရက်က သွားရောက်၍ စာတမ်းရှင်များအား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက ပြောကြားရာတွင် "ကျွန်တော်တို့ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အဖွဲ့ကို ၁၉၉၉ခုနှစ် ဩဂုတ် ၁၆ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်၊ ကျွန်တော်တို့ပညာရှင်အဖွဲ့ရဲ့ ရည်ရွယ်ချက်(၅)ရပ်ရှိပါတယ်။ အဲဒီရည်ရွယ်ချက်တွေကတော့-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပညာရှင်များက မိမိတတ်ကျွမ်းသည့် ပညာရပ်ဖြင့် နိုင်ငံတော်အား အထောက်အကူပြုပံ့ပိုးနိုင်ရန်၊

(၂) နိုင်ငံတော်ကို အကျိုးပြုမည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သုတေသနလမ်းညွှန်မှုများ ပေးရန်၊

(၃) နိုင်ငံတော်အကျိုးပြုမည့် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များမွေးထုတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(၄) နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) နိုင်ငံတော် တည်ဆောက်ရာတွင် ပါဝင်နေကြသော ပြည်သူတို့၏ ပညာဉာဏ် အမြော်အမြင်နှင့် ကျွမ်းကျင်မှုများ အစဉ်မပြတ် တိုးတက် ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ဆက်လက်ပြောကြား

ဒါ့အပြင် ဒီရည်ရွယ်ချက်တွေနဲ့အညီ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဟာ ၂၀၀၁ခုနှစ်ကစပြီး သုတေသန စာတမ်းဖတ်ပွဲကို ကျင်းပခဲ့တဲ့အတွက် ယခု၂၀၀၈ ခုနှစ်ဆိုရင် အဋ္ဌမအကြိမ် ရှိသွားပါပြီ။ ဟောပြောဆွေးနွေးဖတ်ကြားတဲ့ခေါင်းစဉ်တွေကတော့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စွမ်းအင်ပြောင်းလဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့ စာတမ်းတွေပဲဖြစ်ပါတယ်၊ဆုရတဲ့ အကောင်းဆုံးစာတမ်းရှင်တွေကို ဒီလ ၂၉ရက်နေ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ဆုများချီးမြှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဦးသန်းဦးက ဆက်လက်ပြောကြားသည်။

တွေ့ဆုံမေးမြန်း

ဆက်လက်၍ မြန်မာနိုင်ငံတွင် မေလဆန်းက နာဂစ်မုန်တိုင်းဒဏ်ခံရသော ဒေသတစ်ခုသို့ သွားရောက်ကာ

"မုန်တိုင်းဒဏ်ခံရတဲ့ ပြည်သူတွေအတွက် တတ်ကျွမ်းတဲ့ပညာနဲ့ သွားရောက်ကူညီပေးနိုင်ခဲ့လို့ ပီတိဖြစ်ရပါတယ်"

ဒေါက်တာသဇင်လွင်
(တွဲဖက်ပါမောက္ခ
ရန်ကုန်တက္ကသိုလ်)

လက်တွေ့ ကွင်းဆင်းပြီး သိပ္ပံသုတေသနစာတမ်း အဖြစ် ဖတ်ကြားတင်ပြသည့် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာ ဒေါ်သဇင်လွင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ဆရာမခင်ဗျား၊ ဒီစာတမ်းဖတ်ပွဲမှာ နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတစ်ခုကို သွားရောက်ပြီး ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အတွေ့အကြုံတစ်ခုကို သုတေသနစာတမ်းအဖြစ် ဖတ်ကြားတယ်လို့ သိရပါတယ်။ အဲဒီအတွေ့အကြုံနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ခင်ဗျား"

"ဟုတ်ကဲ့ရှင့်၊ မေ ၂ရက်နဲ့ ၃ရက်မှာ တိုက်ခတ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်း မြို့အချို့ရှိ ကျေးရွာများကို ပင်လယ်ဒီရေတက်ပြီး သတ္တဝါများ သေကျေပျက်စီးကာ အနီးတစ်ဝိုက်ရှိ မြစ်ချောင်းများမှာ ရေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိခိုက်ပျက်စီးသွားတဲ့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြုပြင်နိုင်ဖို့အတွက် ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်တို့က ပညာရှင်များ ပါဝင်တဲ့ EKTA (ပတ်ဝန်းကျင် သန့်ရှင်းရေး နည်းပညာရှင်များအဖွဲ့)က ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့် ဒေသတစ်ခုဖြစ်တဲ့ မော်လမြိုင်ကျွန်းမြို့တစ်ဝိုက် လေဘေးသင့် ကျေးရွာများကို အုပ်စုလေးစုခွဲပြီး မေလကုန်ပိုင်းက သွားရောက်ကာ လက်တွေ့ကွင်းဆင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင် ဖြစ်ပါတယ်။ အုပ်စု(၁)မှာ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခဒေါက်တာဝင်းမောင်၊ အုပ်စု(၂)မှာ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာသဇင်လွင်နဲ့ ကထိကဒေါက်တာထွန်းအောင်၊ အုပ်စု (၃) မှာ ရန်ကုန်နည်းပညာတက္ကသိုလ် ဇီဝနည်းပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ငြိမ်းအေးနဲ့ ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာန လက်ထောက်ကထိက ဒေါက်တာအေးအေးမြင့်၊ အုပ်စု (၄)မှာ ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာန ပါမောက္ခဒေါက်တာအေးဖေနဲ့ ကထိက ဒေါက်တာမြင့်အောင်တို့ ပါဝင်ကြပါတယ်။

ကွင်းဆင်းတိုင်းတာ

ကျွန်မတို့ ဒီအုပ်စု လေးစုဟာ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ နတ်မူး၊ နတ်မူးချောင်း၊ မြင်းကကုန်း၊ ကြို့လမုကြီး၊ ကျားဟုန်း၊ ကြက်ရှာ၊ အောင်သုခ၊ ရေကျော်တိမ်ချောင်း၊ ကွမ်းခြံကုန်း၊ ကျွန်းချောင်း အစရှိတဲ့ ကျေးရွာများက လယ်မြေ၊ သောက်ရေကန်၊ မြစ်ရေ၊ ချောင်းရေများထဲက ရေနဲ့မြေနမူနာများကို လက်တွေ့ ကွင်းဆင်း တိုင်းတာယူခဲ့ပါတယ်။ ကျွန်မကိုယ်တိုင် လွန်ခဲ့တဲ့ ၁၀နှစ်ကျော်က မိုင် ၂၀၀ကျော် ရှည်လျားတဲ့ ဧရာဝတီမြစ်ရဲ့ ရေအရည်အသွေးကို စမ်းသပ်လေ့လာခဲ့ပြီး ပါရဂူဘွဲ့ ရခဲ့တာဖြစ်လို့ ခရီးစဉ်မစတင်မီက အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားခဲ့ပါတယ်။

ပြန်လည်ကုစား

EKTA အဖွဲ့က မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေနမူနာကောက်ယူစမ်းသပ်တိုင်းတာ တွေ့ရှိချက်အရ ရေငန်လွှမ်းခံရပြီး သတ္တဝါရုပ်ကြွင်းများ ကျရောက်ခဲ့တဲ့ရေကန်များ၊ လယ်ကွင်း

"ဂျာမန်ဘာသာစကား သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာတမ်း ဖတ်ကြားမှာ ဖြစ်ပါတယ်"

ဒေါ်ပြုံးပြုံးငွေ
(ကထိက)

များနဲ့ မြစ်ချောင်းအင်းအိုင်များက တစ်ဆင့် ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ ဗက်တီးရီးယားပိုးများ အရေအတွက်ပါဝင်မှုဟာ ရှိသင့်တဲ့ သတ်မှတ် စံချိန်စံညွှန်းထက် များစွာ ပိုမိုပါဝင်နေတာ တွေ့ရပါတယ်၊ အဲဒီပိုးတွေရဲ့ ပွားနှုန်းဟာ လျင်မြန်လေ့ရှိတာကြောင့် ပိုးမွှားတွေကို နှိမ်နင်းနိုင်တဲ့ အကျိုးပြု ဗက်တီးရီးယားများ ပါဝင်ဖော်စပ်ထားတဲ့ဆိုးကျိုးကို ဖြစ်စေတဲ့ဗက်တီးရီးယားပိုးများကို ဇီဝပိုးနဲ့နှိမ်နင်းတဲ့နည်းပညာ (Effective Microorganism-EM) နဲ့ အချိန်မီပြန်လည်ကုစားပေးနိုင်ခဲ့ပါတယ်။

EM ဆိုတာ အကျိုးပြု အဏုဇီဝဖျော်ရည်ဖြစ်ပါတယ်။ အဲဒီ EMများဟာ စွန့်ပစ်အမှိုက်ပုံမှ အနံ့အသက်ဆိုးများကို စားသုံးပစ်နိုင်စွမ်းရှိပြီး အပင်အမြစ်များ ကြီးထွားစေနိုင်တဲ့အပြင် သက်ရှိသတ္တဝါများကို အန္တရာယ်ပြုစေနိုင်တဲ့ ရောဂါပိုးများကို ဖယ်ရှားပစ်စေနိုင်ပါတယ်"ဟု ဒေါက်တာသဇင်လွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"အဲဒီ EMဖျော်ရည်ကို လယ်မြေ၊ သောက်သုံးရေကန်နဲ့ မြစ်ရေ၊ ချောင်းရေတို့မှာ ဖျန်းပေးခဲ့ပါတယ်။ EMဖျန်းပြီး တစ်လအကြာမှာ သုတေသနအဖွဲ့ဟာ တတိယအကြိမ် အဲဒီဒေသများသို့ တစ်ခေါက် သွားရောက်ခဲ့ပါတယ်။ တစ်ခါ အဲဒီက ရေနမူနာတွေယူပြီး ပထမတစ်ခေါက်လာစဉ်က ရေနမူနာနဲ့ နှိုင်းယှဉ်ကြည့်ပါတယ်။ ရေထဲမှာ ပိုးတွေပါဝင်မှုနှုန်း နည်းသွားတာ တွေ့ရှိရပါတယ်။ ဒီရလဒ်ကြောင့် ရောဂါပိုးတွေ ပျံ့နှံ့လာမယ့်ဘေးအန္တရာယ်ကို အချိန်မီ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်မတို့သုတေသနအဖွဲ့ဟာ နာဂစ်မုန်တိုင်းနောက်ကွယ်မှ ပီတိဖြစ်ခဲ့ရပါတယ်"ဟု ဒေါက်တာသဇင်လွင်က ဆက်လက်ရှင်းပြသည်။

လေ့လာသုံးသပ်

ထို့နောက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဂျာမန်ဘာသာဌာနမှ ကထိက (ဌာနမှူး)ဒေါ်ပြုံးပြုံးငွေက "ကျွန်မရဲ့ စာတမ်းဟာ ဘာသာစကား သင်ကြားရာမှာ အထောက်အကူပြုနိုင်ဖို့ရေးသားထားပါတယ်။ ဒီစာတမ်းမှာ ဂျာမန်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားပို့ချပေးကြတဲ့ ဆရာ ဆရာမများ လွယ်ကူရှင်းလင်းစွာ ထိထိရောက်ရောက် ပို့ချနိုင်ဖို့ သင်ယူလေ့လာကြတဲ့ ကျောင်းသား ကျောင်းသူများ အရည်အသွေးပြည့်မီစွာ စွမ်းရည်လေးရပ်ကို တတ်ကျွမ်းအသုံးချနိုင်ကြဖို့အတွက် လေ့လာသုံးသပ်တင်ပြထားပါတယ်"ဟု ပြောကြားသည်။

တစ်ဖန် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်ဘာသာဌာနမှ နည်းပြဆရာမဒေါ်ကေခိုင်မြင့်က ပြောကြားရာတွင် "ကျွန်မအနေနဲ့ ဒီစာတမ်းဖတ်ပွဲမှာ မြန်မာကျောင်းသားများ တရုတ်လေးလုံးတွဲစကားလုံးများ သင်ကြားပို့ချရာမှာ အထောက်အကူဖြစ်စေဖို့အတွက် တင်ပြဆွေးနွေးထားပါတယ်"ဟု ပြောကြားသည်။

"ဒီစာတမ်းမှာ တရုတ်-မြန်မာ လေးလုံးတွဲ စကားလုံးများရဲ့ သဒ္ဒဗေဒ (အသံ)ဆိုင်ရာ ဝိသေသလက္ခဏာများကို

"ကျောင်းသူ ကျောင်းသားများ တရုတ်ဘာသာစကား သင်ယူရာမှာ အထောက်အကူဖြစ်စေတဲ့ စာတမ်းပြုစု ဖတ်ကြားပါတယ်"

ဒေါ်ကေခိုင်မြင့်
(နည်းပြ၊
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)

နှိုင်းယှဉ်လေ့လာပြီး တူညီချက်၊ ခြားနားချက်များ တင်ပြထားပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏သုတေသနပြုစာတမ်းဖတ်ပွဲမှသည် ရရှိလာသည့် အကျိုးဆက်ရလဒ်များ အနာဂတ်လူ့ဘောင် သာယာဝပြောရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အဲဗာတန်နှင့်မန်ယူ တစ်မှတ်စီခွဲယူ နယူးကာဆယ် ရှုံးကန်နေရဆဲဖြစ်

မြင့်မောင်စိုး စုစည်း၍ သောင်းရွှေ မျက်နှာဖွဲ့သည်

လန်ဒန် အောက်တိုဘာ ၂၅

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉) ပြိုင်ပွဲများကို အောက်တိုဘာ၂၅ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်နှင့် မန်ယူတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သဖြင့် တစ်မှတ်စီ ခွဲဝေယူကြသည်။

မန်ယူကစားသမားများ အဲဗာတန်ကွင်းသို့ သွားရောက်ကစားရသော်လည်း ပထမပိုင်း တစ်ချိန်လုံးခြေအသာဖြင့် ကစားနိုင်ခဲ့ရာ ပွဲချိန် ၂၂မိနစ်တွင် ရိုင်ယန်ဂစ် ဖြတ်ပို့ပေးသည့် ဘောလုံးမှတစ်ဆင့် ဖလက်ချာက သွင်းယူပေးခဲ့သည်။

အဲဗာတန်ကစားသမား ယာကူဘူသွင်းယူခဲ့သည့်ဘောလုံး မန်ယူဂိုးတိုင်ထိမှန်ခဲ့၍ အဲဗာတန်တို့ အနိုင်ပွဲနှင့် လွဲခဲ့ရသည်။ ဒုတိယပိုင်းတွင် အဲဗာတန်တို့ တိုက်စစ်အားကောင်းလာသဖြင့် မန်ယူနည်းပြဖာဂူဆန်အတွက် ရမှတ်နှစ်မှတ်နစ်နာခဲ့ရသည်။

မန်ယူအတွက် ဦးဆောင်ဂိုးကို ဖလက်ချာက ဤသို့သွင်းယူနိုင်ခဲ့သော်လည်း ....။ (အင်တာနက်ဓာတ်ပုံ)

အဲဗာတန်ဂိုးသမား ဟောင်းဝပ် အထူးအစွမ်းပြ ကာကွယ်ကစားနိုင်ခဲ့ခြင်းကြောင့်လည်း မန်ယူတို့ အနိုင်မရခဲ့ခြင်းဖြစ်သည်။ မန်ယူကစားသမားများ ဖြစ်ကြသည့် ရိုင်ယန်ဂစ်၊ စီရိုနယ်ဒို၊ ရွန်နေနှင့် ဘာဘာတော့ဗ်တို့ အနိုင်ဂိုးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မန်ယူတိုက်စစ်မှူး ရွန်နေသည် ဒုတိယပိုင်းတွင် အနီးကပ်ဂိုးကန်သွင်းခွင့်ရရှိခဲ့ရာ အဲဗာတန်ကစားသမား ဂျိုးဇက်ယိုဘိုက အကြိတ်အနယ် လိုက်ဖျက်လိုက်သဖြင့် ဂိုးပေါက်နှင့်လွဲချော်သွားခဲ့သည်။ ယင်းဂိုးမဝင်လိုက်သဖြင့် တိုက်စစ်မှူး ရွန်နေ သူ၏မန်ယူကလပ်အတွက် ဂိုးပေါင်း ၁၀၀မြောက် သွင်းယူနိုင်မှုနှင့် လွဲချော်ခဲ့ရသည်။

ဆက်လက်ရပ်တည်

အဲဗာတန်တို့ ဒုတိယပိုင်း တိုက်စစ်အားမြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၆၃ မိနစ်တွင် ဖယ်လိုင်နီက အဲဗာတန်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းပွဲတွင် မန်ယူတို့ သရေကျခဲ့၍ ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယား နံပါတ် ၅ နေရာ၌ ဆက်လက်ရပ်တည်လျက်ရှိသည်။

ဆန်းဒါးလန်း- နယူးကာဆယ်

တန်းဆင်းဇုန်အတွင်း ရောက်ရှိနေသော နယူးကာဆယ်တို့ ဆန်းဒါးလန်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသည်။

ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲချိန်မိနစ် ၂၀တွင် ဆန်းဒါးလန်းတိုက်စစ်မှူး ဆစ်ဆေးက သွင်းယူပေးနိုင်ခဲ့သည်။

နယူးကာဆယ်တို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ဂျယ်ရယ်မီ၏ တည်ကန်ဘောမှတစ်ဆင့် အမီယိုဘီက ခေါင်းတိုက်ဂိုးသွင်းပြီး ချေပခဲ့သည်။

ခြေစွမ်းပြ

ဒုတိယပိုင်းတွင် ဆန်းဒါးလန်းတို့ ခြေစွမ်းပြကစားခဲ့ရာ နစ်ကီဘတ်က ဒိုင်အုတ်အား ကြမ်းတမ်းစွာကစားခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီးက ပြစ်ဒဏ်ဘောပေးခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို ရစ်ချတ်ဆင် ၁၈ကိုက်အကွာမှ ကန်သွင်းခဲ့ရာ ဂိုးဝင်သွားခဲ့သည်။ နယူးကာဆယ်တို့ ပြန်လည်ချေပရန် ကြိုးစားခဲ့သော်လည်း ပွဲပြီးရန် ၁၅မိနစ်ခန့်သာလိုသဖြင့် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဆန်းဒါးလန်းတို့ ယင်းပွဲတွင် အနိုင်ရလိုက်သဖြင့် ရှစ်နှစ်အတွင်း ဆန်းဒါးလန်းက နယူးကာဆယ်ကို အိမ်ကွင်း၌ ပထမဆုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဝက်စ်ဘရွန်း ၀ - ၃ ဟူးလ်စီးတီး
ဘလက်ဘန်း ၁ - ၁ မစ်ဒယ်ဘရော့

(အင်တာနက်)

ဆစ်ဆေး

ဆန်းဒါးလန်းအတွက် အဖွင့်ဂိုးသွင်းအပြီး အောင်ပွဲခံနေသော ဆစ်ဆေး။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၀-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင် (ကောင်းမှုပြုက ကောင်းမှုရ)
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ **ချောင်းကမ်းဘေးကရွာကလေး** တီကို၊ ထင်ပေါ်၊ နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ သဇင် [ဒါရိုက်တာ- မြင့်စိုး(ဝ/သ၊ ရန်ကုန်)]
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၀ ၉။ အတီးပြိုင်ပွဲ
၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာကုဋေကုဋာ** (အပိုင်း-၁၆)
၁၂:၀၀ ၃။ Golf Magazine TV
၁၂:၂၅ ၄။ မြန်မာရုပ်ရှင် **ချစ်သူဝိုင်းဝိုင်းလည်** ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ (ဒါရိုက်တာ-ဝါဝါဝင်းရွှေ)
၁၄:၅၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၀၀ ၁။ အစီအစဉ်အဖွင့်
၃:၂၀ ၂။ **လေဘေးရန်ပုံငွေဘောလုံးပြိုင်ပွဲ** ဘုရားဇီးလက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းများ ဘောလုံးအသင်း
၅:၀၅ ၃။ ဆိုကြမယ်ပျော်ကြမယ်
၆:၀၀ ၄။ ညနေခင်းသတင်း
၆:၃၀ ၅။ မိုးလေဝသအခြေအနေ
၆:၃၅ ၆။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
၇:၀၀ ၇။ တစ်မျက်နှာ တစ်ကွက်စာ
၇:၂၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၈)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၂)

စစ်ကိုင်းတိုင်းကိုယ်စားပြုဇာတ်အဖွဲ့

ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၅

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲကို ယမန်နေ့ ညဂုနာရီက နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင် ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းကိုယ်စားပြု ချိုထွန်းဇာတ်အဖွဲ့က ဘူရိဒတ်ဇာတ်တော်ကြီးကို ယှဉ်ပြိုင်တင်ဆက်သည်။(အပေါ်ပုံ)

ကြည့်ရှုအားပေး

အဆိုပါ ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီးဒေါ်နုနုဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ရွှေနေချုပ် ဦးအေးမောင်၊ ပညာရေးဝန်ကြီးဌာနဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် မြန်မာ့ဇာတ်သဘင်အနုပညာကို ချစ်မြတ်နိုးကြသောပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းတိုင်းကိုယ်စားပြုဇာတ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့်ဒါရိုက်တာဦးအိုးဝေ၊ ဇာတ်ညွှန်း ဦးဌေး(မုံရွာ)၊ဂီတမှူးရတနာပုံသန်းထိုက်၊ဇာတ်အလင်္ကာတက်ခေတ်ဦးသန်းအောင်၊ ဘူရိဒတ်နဂါးမင်းအဖြစ် ဦးချိုထွန်း၊ သုဒဿ(စူဠရှင်)နဂါးမင်းအဖြစ် ဦးအောင်ဖြိုးဟိန်း၊ မယ်နာဂီနဂါးမအဖြစ် ဒေါ်မိုးဝါ၊ သမုဒ္ဒဇာအဖြစ်ဒေါ်ဇင်မာအောင်နှင့်ဇာတ်ပို့ဇာတ်ရံအဖွဲ့သားများက ရတနာပုံသန်းထိုက်ဆိုင်းအဖွဲ့နှင့်တွဲဖက်ကာဇာတ်တော်ကြီး(၁၀)ဘွဲ့ဝင် ဘူရိဒတ်ဇာတ်တော်ကြီးကို ဇာတ်ဝင်ခန်းများစုံလင်စွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဇာတ်သဘင်အနုပညာရသ ပြောင်မြောက်စွာ ယှဉ်ပြိုင်တင်ဆက်သည်။ **(သတင်းစဉ်)**

စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ညြဂဲနစ်သီးနှံအစုအဖွဲ့မှStrategies and Approaches for Promotion of Organic Agriculture in Myanmar ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁ရက် (စနေနေ့) နံနက် ၈နာရီခွဲမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ ဂျပန်နိုင်ငံမှ EM Technology ဆိုင်ရာ ပညာရှင်များက ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး မည်သူမဆို ပါဝင်ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်း ထောက်ပံ့ငွေနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲ သဃ်န်းကျွန်းတွင်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ချီးမြှင့်သော အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုငွေချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီက သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်မှ အသက်(၇၅) နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၃ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် နှစ်သောင်းနှင့် တက္ကသိုလ်ဝင်တန်း သုံးဘာသာ ဂုဏ်ထူးရှင် မောင်အားမာန်စိုးအား ဂုဏ်ပြု

ချီးမြှင့်ငွေကျပ်သုံးသောင်းကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးခိုင်ကိုလွင် (ငြိမ်း) **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ထောက်ပံ့ချီးမြှင့်ပေးကြသည်။ **(၁၂၁)**

Tunn Star Co.,Ltd. ဥက္ကဋ္ဌ ဦးထွန်းလွင် ရောင်းအားအကောင်းဆုံးဆုရရှိသူတစ်ဦးအား TOSHIBA LAPTOP ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

PTT စက်ချောဆီ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

PTT စက်ချောဆီမိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ရက် ညနေ ၆နာရီက ကုန်သည်ကြီးများ ဟိုတယ် မြန်မာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ Tunn Star Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် PTT Public Co.,Ltd.မှ Executive Vice President Mr.Artasith Pothiapinyanvisuth တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး PTT Public Co.,Ltd. ၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် ရှစ်လတာကာလအတွင်း PTT စက်ချောဆီရောင်းအားအကောင်းဆုံး ပထမရရှိသည့် ရွှေကြည်သာစက်ချောဆီရောင်းဝယ်ရေး(ဘုရင့်နောင်)အား TOSHIBA LAPTOP၊ ဒုတိယရရှိသည့် 555 ကားပစ္စည်းရောင်းဝယ်ရေးအား SAMSUNG 29"SLIM FIT အမျိုးအစားTV၊ တတိယရရှိသည့် HHH စက်ချောဆီရောင်းဝယ်ရေး (တာမွေ)အား ရွှေဆွဲကြိုးငါးမူးသား၊ စတုတ္ထရရှိသည့် ကိုသန်းထွန်း ကားပစ္စည်းရောင်းဝယ်ရေး (စမ်းချောင်း)အား SANYO Air-Condition လေအေးပေးစက်နှင့် ပဉ္စမရရှိသည့် ဦးကျောက်ခဲ စက်ပစ္စည်းဆိုင်(ခရမ်းမြို့)အား SHARP ရေခဲသေတ္တာတို့ကို တာဝန်ရှိသူတို့က အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဖြန့်ဖြူးရောင်းချ

ထိုင်းနိုင်ငံ၏ အကြီးဆုံးရေနံဓာတုကုမ္ပဏီကြီးဖြစ်သည့် PTT Public Co.,Ltd.မှ ထုတ်လုပ်သော အရည်အသွေးစစ်မှန်ပြည့်ဝသည့် PTT တံဆိပ် ဓာတ်ဆီ၊ CNG၊ ဒီဇယ် အင်ဂျင်သုံး အဆင့်မြင့်စက်ချောဆီအမျိုးမျိုး၊ စက်ရုံသုံးဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ ကွန်ပရက်ဆာဆီ၊ အော်တိုဆီ၊ အမဲဆီ၊ မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင်နှင့်ရေယာဉ်သုံး အထူးစက်ချောဆီအမျိုးမျိုးတို့ကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ် TUNN STAR Co.,Ltd.မှ တာဝန်ယူ ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

ရေကျနောက်စိုက် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဖျာပုံမြို့နယ် ကျုံတာကျေးရွာအုပ်စုရှိ ရေကျနောက်စိုက်စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက ကျင်းပသည်။ အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့်အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအေးလွင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးမှူးများ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ တက်ရောက်၍ ဖျာပုံမြို့နယ်ရှိ ကျုံတာ၊ သလိပ်ကြီး၊ အောက်ကွင်းကျေးရွာများရှိ လယ်မြေ ဧက၃၅၀အတွင်း ငါးခုံးမကြီးကောင်ရေ ၁၇၅၀၀၀ကို မျိုးစိုက်ထည့်သွင်း ကြောင်း သိရသည်။ (၁၃၈)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး အင်းတော်၌ ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်အတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင် ခြင်ဆေးဖျန်းစက်ဖြင့် အိမ်တိုင်းစေ့ ခြင်ဆေးဖျန်းမှုကို စက်တင်ဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတိုးမြင့်တို့ ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

စည်းလုံးခြင်းသည် အင်အားရုပ်တု ဝိုင်းမော်၌ ဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် စည်းလုံးခြင်းသည်အင်အား ရုပ်တု ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ကြာအင်းဆိပ်ကြီး၌ အခွန်ပညာပေးဆွေးနွေး

မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးကကြီးမှူး၍ အခွန်ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက်က ကြာအင်းဆိပ်ကြီးမြို့ ဇမိခန်းမ၌ကျင်းပရာ မြို့နယ် အခွန်ဦးစီးမှူး ဦးအေးမောင်က အခွန်ထမ်းပြည်သူများ သိမှတ်ဖွယ်ရာ အခွန်အကြောင်းကို ဟောပြောဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စွမ်းဆောင်ရည်မြင့်မားရေး ကောလင်း၌ သင်တန်းဖွင့်

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က အမှာစကားပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးဝ ကတ္တရာလမ်းအတွက် ကျောက်စုဆောင်း

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)မြို့ပြလမ်းလုပ်ငန်းဖြစ်သော ဧရာဝတီလမ်း ကတ္တရာခင်းခြင်းနှင့် အောင်စံပယ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို အောက်တိုဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးဇော်ခင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးမင်းဝေက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖားကန့်မြို့ မဈေး၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင်နှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများစုပေါင်း၍ စက်တင်ဘာ ၂၉ရက်က ဈေးကြီးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်အောင် ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မိုးညှင်းခရိုင် လုပ်ငန်းညှိနှိုင်းစည်းဝေး

မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းသည် အောက်တိုဘာ ၂၀ရက် နံနက် ၁၀နာရီခွဲက မိုးကောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး စည်းဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်လက်မြို့နယ် ဥက္ကဋ္ဌဒိုင်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက် ညနေ ၃ နာရီက ဝက်လက်မြို့ ရွှေလုံ့ဗိုလ်အားကစားကွင်း၌ ကျင်းပရာ ရှိမ္မကားကျေးရွာအသင်းက ဆင်နင်းကျေးရွာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ (မြို့နယ် အား/က)

သံဖြူဇရပ် - ပင လမ်းခင်း

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် သံဖြူဇရပ်-ပငလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

Tunn Star ကုမ္ပဏီမှ မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် **PTT** (စက်ချောဆီ) ဖြန့်ချိမှုများ အောင်မြင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

ဦးကျော်မြင့်(Managing Director)-ဇနီး ဒေါ်သူဇာ(Director)
FATHERLAND Construction & Decoration Co.,Ltd.
Kyaw Myint Group Trading Co.,Ltd.
နှင့်
FATHERLAND ဝန်ထမ်းမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၁၁)ကြိမ်မြောက်စုပေါင်းဘုံကထိန်ပွဲဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၁)ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ ဝန်ထမ်းများ မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂-၁၁-၂၀၀၈ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ
ကျင်းပမည့်နေရာ - ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) ရန်ကင်းမြို့နယ်

လှူဒါန်းလိုသူများသည် ဦးမျိုးညွန့် အတွင်းရေးမှူး ဖုန်း-၆၅၀၂၅၇သို့လည်းကောင်း၊ နီးစပ်ရာ နယ်မြေမှူး/အမှုဆောင်များသို့လည်းကောင်း၊ ဒေါ်နီနီ (ဦးစီးအရာရှိ) ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) ရန်ကုန် ဖုန်း-၅၇၈၁၂၀သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **အမှုဆောင်အဖွဲ့။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(1) Sales Promoter — ကျား (၂၀)
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး (သို့) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

(2) Sales Representative — ကျား (၂၀)
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၀)အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

(3) Sales Supervisor — ကျား (၅) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိပြီး နယ်ခရီး လစဉ်မပျက်သွားနိုင်ရမည်။ Distribution နှင့် Marketing Field ၌ အနည်းဆုံး (၃)နှစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရမည်။

(4) Store Keeper — ကျား/မ (၂) ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး စတိုလယ်ဂျာစာရင်း ကျွမ်းကျင်ရမည်။ Computer(Word,Excel) တတ်ကျွမ်းရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၃၈)နှစ်အောက် သွက်လက်တက်ကြွပြီး အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။

(5) Driver — ကျား (၁၀)
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး "ခ"(သို့)"ဃ" လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။

(6) ဝိုင်ယာရိန်းဆရာ — ကျား (၃) ဦး
မော်တော်ယာဉ်နှင့် ပတ်သက်သော ဝိုင်ယာရိန်း လုပ်ငန်းအတွေ့အကြုံရှိရမည်။

အမှတ်စဉ်အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။ (လစာကောင်းမည်။)

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဓာတ်ပုံနှစ်ပုံ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ Harvest Enterprise Co.,Ltd. အမှတ်၅၂၀၊ ခုနစ်လွှာ၊ Excel Treasure Tower၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်သို့ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဖခင်အမည်မှန်

အထက(၂) ကမာရွတ်Grade -5 (C) မှ မမေပွင့်သူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေး ၁၂/လသန(နိုင်) ၀၀၃၃၁၉ ဖြစ်ပါသည်။ **ဦးအောင်ထွေး။**

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅-၁၉၈၁)
အင်ဂျင်နီယာနှင့်ဗိသုကာကျောင်းသားကျောင်းသူဟောင်းများ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲ

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ခုနှစ် ဝင်ခွင့်ရရှိသူများ အားလုံးနှင့် (မည်သည့်နှစ်က ဝင်ဝင်)၁၉၈၁ခုနှစ်တွင် ဘွဲ့ရရှိခဲ့သူ အင်ဂျင်နီယာနှင့် ဗိသုကာ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီလ ၇ရက် ၂၀၀၉ခုနှစ်(စနေနေ့) ညနေ၅နာရီမှ ည ၉နာရီအထိ M-3 Food Centre တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မှတ်တမ်းပြုစုရန်အတွက် ကျောင်းသားအရွယ်နှင့် ယခုအရွယ် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် အလှူငွေများကို-

ဦးစောမောင်(Mining)	ဖုန်း-၀၉-၅၁-၅၆၅၁၅
ဦးမောင်အုန်း(Mech)	ဖုန်း-၀၉-၅၁-၂၁၀၃၆
ဦးငွေစိုး(Mech)	ဖုန်း-၀၁-၂၂၂၄၇၄
ဦးကျော်ဦး(Mech)	ဖုန်း-၀၂-၆၄၀၆၃(မန္တလေး)
ဦးကျော်ဆန်း(Civil)	ဖုန်း-၀၉-၅၀-၀၃၈၁၆
ဦးတင်အောင်(Civil)	ဖုန်း-၀၉-၅၁-၃၄၄၉၉(မန္တလေး)
ဒေါ်မဋ္ဌူ (Civil)	ဖုန်း-၀၉-၅၀-၂၄၁၄၈
ဒေါ်စန်းစန်းအေး(Civil)	ဖုန်း-၀၉-၅၁-၅၄၁၁၁
ဒေါ်မီမီဝင်း(Civil)	ဖုန်း-၀၂-၃၄၉၁၀(မန္တလေး)
ဦးအောင်နိုင်မြင့်(EC)	ဖုန်း-၀၁-၅၄၉၅၈၃
ဦးစိန်အောင်(EC)	ဖုန်း-၀၉-၅၀-၀၃၄၂၀
ဦးရဲမြင့်(EP)	ဖုန်း-၀၉-၅၀-၀၆၃၇၁
ဒေါ်တိုးတိုးစံ(Chem)	ဖုန်း-၀၁-၆၄၁၄၃၂
ဒေါ်သူဇာမြင့်(Chem)	ဖုန်း-၀၉-၅၁-၃၀၄၅၀
ဦးတင်နွယ်စိုး(Petrol)	ဖုန်း-၀၁-၅၃၈၆၇၉
ဦးစန်းလွင်(Petrol)	ဖုန်း-၀၂-၃၄၁၅၄(မန္တလေး)
ဦးသန်းအောင်(Met)	ဖုန်း-၀၁-၂၉၀၆၇၇
ဒေါ်တင့်တင့်သိန်း(Textile)	ဖုန်း-၀၉-၂၀-၃၃၀၉၁
ဦးလှိုင်မြင့်(Arch)	ဖုန်း-၀၉-၅၁-၁၇၇၅၄
ဒေါ်နန်းခင်မျိုးအေး(Arch)	ဖုန်း-၀၁-၅၃၇၁၂၉

တို့သို့ဆက်သွယ်၍ ပေးပို့လှူဒါန်းနိုင်ပါသည်။

မင်္ဂလာဆည်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ
ဦးလှိုင်သိန်း[အထွေထွေမန်နေဂျာ၊ (ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာန]-
ဒေါ်သက်သက်ဝင်း(Director, Golden Prince Co., Ltd.) တို့၏
တစ်ဦးတည်းသောသား

မောင်အောင်မျိုးဟန်
B.C.Sc(UCSY), IADCS (NCC, UK)
Managing Director (Golden Prince Co., Ltd.)

နှင့်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ
ဒေါက်တာအေးကျော်-ဒေါက်တာနှင်းရည်စိုးတို့၏
တစ်ဦးတည်းသောသမီး

မမေကျော်ဟန်
B.A(English), IADCS (NCC, UK)
Managing Director (Myint Mo Min Co., Ltd.)

တို့အား ၂၅-၁၀-၂၀၀၈ရက်တွင် Sedona Hotel Yangon (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဆည်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဆည်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေအပေါင်းတို့အား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးဟန်-မမေကျော်ဟန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
* အစဉ်ကျို့ချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

မုံရွာမြို့ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့
ဒေါ်ဂျစ်နှင့်ရွှေထွန်းယုံတို့ အကြိတ်အနယ်ယှဉ်ပြိုင်သော်လည်း တတိယအကြိမ်သရေကျ

သတင်းပေးပို့သူ - ဇင်လင်းထွန်း(ဓနုဖြူ)၊ စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး

မုံရွာ အောက်တိုဘာ ၂၅ (ဂျီ-မေးလ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်း အားကစားနှင့်ကာယပညာကော်မတီတို့က ကြီးမှူးကျင်းပသော ရွှေတိုင်းမြေမှစိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ပထမနေ့ပွဲစဉ်များကို အောက်တိုဘာ ၂၅ရက် မွန်းလွဲ၂နာရီမှစ၍ မုံရွာမြို့ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ပွဲစဉ်ပေါင်း ကိုးပွဲကျင်းပရာ အဓိကစိန်ခေါ်ပွဲကြီးတွင် ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင် အကောင်းဆုံးလက်ဝှေ့သမား (၂၀၀၁) ဒေါ်ဂျစ်(လယ်ယာ/ဆည်မြောင်း)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင်(၂၀၀၆) ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကာ သရေပွဲဖြစ်ခဲ့သည်။

သရေပွဲ

သုံးချီပွဲ နှစ်ပွဲတွင် စန်းမင်းအောင် (SKK)ကို ညီကျောင်းသား(စစ်ကိုင်း)၊ ရန်နိုင်မင်း(အမရပူရ)ကို လင်းယုန်လေး (ကေတီ)တို့က ဒုတိယအချီများ၌ အလဲထိုး အနိုင်ယူခဲ့သည်။ လေးချီ စိန်ခေါ်ပွဲလေးပွဲတွင် အမေ့သား (မန္တလေး)က ကျော်ကျော်အေး(စဉ့်ကိုင်)ကို ပထမအချီ၊ ဇွဲမာန်(အမရပူရ)ကို စိုးကြီး (မြန်မာသွေးသစ်)ကဒုတိယအချီ၊ ဝင်းသူရ(မဟာအောင်မြေ)ကို စိုးလင်းဦး(မျိုးဇာနည်)က ပထမအချီတို့၌ အလဲထိုး အနိုင်ယူခဲ့ကြပြီး၊ စနေထွန်း(မြန်မာသွေးသစ်)နှင့် ဂဠုန်မင်း(မျိုးဇာနည်)တို့ ယှဉ်ပြိုင်ကြရာ စနေထွန်းက တတိယအချီ၌ အနားတောင်းရပြီး အမှတ်စဉ် တစ်ကြိမ်အရေခံရသည်အထိ ဖြစ်ခဲ့သော်လည်း မာန်ဇွဲဖြင့် အံခဲ၍ သရေပွဲရယူသွားသည်။

ယှဉ်ပြိုင်

ငါးချီ စိန်ခေါ်ပွဲများတွင် ရွှေမိုးသီး (ဘီလပ်မြေစက်ရုံ)နှင့် ဝိုင်းဝိုင်း(မြန်မာပြည်သား) တို့ ယှဉ်ပြိုင်ကြရာ ဝူရှူး (ဆန်းဆို) လက်ရွေးစင်ဖြစ်ခဲ့ပြီး ဆီးဂိမ်းကြေးတံဆိပ်ရခဲ့ဖူးသူ ဝိုင်းဝိုင်း၏ ကိုယ်တစ်ပတ်လှည့် နောက်ပြန် ကန်ချက် (Round kick) က သပ်ရပ် လှပသော်လည်း တိုင်ပင်ကိုက် မကန်နိုင်သည့်အတွက် ထိရောက်မှုမရှိဘဲ ၎င်း၏ ညာဖြောင့်အဝင်တွင် ရွှေမိုးသီးကို တစ်ပတ်လှည့်၍ လက်ဖျံဖြင့် လက်ပြန်ရိုက်ချက်က မေးရိုးကို တိတိပပထိသည့်အတွက် ပထမအချီ ၁မိနစ် ၂၃စက္ကန့်တွင် အနားတောင်းလိုက်ရသည်။ ဆက်ယှဉ်ကြသော်လည်း ရွှေမိုးသီး၏ မာဂုဏ်နှင့် ရိုးရာလက်ဝှေ့သမ္မာကို ဝိုင်းဝိုင်း မယှဉ်သာ၍ ဒုတိယအချီ ၁ မိနစ် ၁၅စက္ကန့်၌ အရှုံးပေးလိုက်ရသည်။

အနားတောင်း

ရန်ကုန်ပွဲတွင် ရန်နိုင်အောင် (တောင်ကလေး)ကို ရှုံးကြွေးရှိခဲ့သူ မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)က ပထမနှင့် ဒုတိယအချီများ၌ လက်ရည်အသာစီးဖြင့်ထိုးသတ်နိုင်သောကြောင့် ရန်နိုင်အောင် အနားတောင်းခဲ့ရသည်အထိပင်ဖြစ်ခဲ့သော်လည်း ရန်နိုင်အောင်က ဘယ်ဖြောင့်ဖြင့် မိုက်ခဲကျောက်ပွင့်ကို ပွဲသိမ်းလိုက်နိုင်သည်။

အဓိက စိန်ခေါ်ပွဲကြီးတွင် ပြိုင်ဘက်ကောင်းများဖြစ်ကြသည့် ဒေါ်ဂျစ်နှင့် ရွှေထွန်းယုံတို့ တတိယအကြိမ် ပြန်ဆုံကြရာ ပထမအချီတွင် ဒေါ်ဂျစ်၏ ဘယ်ထောက်လက်သီးများက ရွှေထွန်းယုံကို ထိရှမှုရှိနေသကဲ့သို့ ရွှေထွန်းယုံ၏ ညာပင့်ဒူးကလည်း ဒေါ်ဂျစ်၏ နံကြားကို ခြိမ်းခြောက်နိုင်ခဲ့သည်။ တတိယအချီနှင့် စတုတ္ထအချီများတွင် တစ်ယောက်ကိုတစ်ယောက်အပိုင်ထိုးဖို့ ကြိုးစားရင်း အားချင်းဆိုင်ကာ လက်သီးကို လက်သီးချင်း၊ တံတောင်ကို တံတောင်ချင်း၊ ဒူးတိုက်ချင်း၊ ခြေကန်ချင်းပါ အပြိုင်ဖလှယ်ကြ၍ ပရိသတ်လက်ခုပ်သံရသော်လည်း အရှုံးအမြတ်စာရင်း မပေါ်ဘဲ သရေပွဲသာဖြစ်ခဲ့သည်။

ဒုတိယနေ့

အောက်တိုဘာ ၂၆ရက် **(ယနေ့)** မွန်းလွဲ ၂နာရီမှစ၍ ဒုတိယနေ့ ပွဲစဉ်များကို ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ ရန်ကြီးအောင် (မြို့တော်စည်ပင်)နှင့် ကြယ်လင်းအောင် (တောင်ကလေး)တို့ အဓိက စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

၎င်းတို့ နှစ်ဦးသည် ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ကြယ်လင်းအောင်၏ တိုက်စစ်ကို ရန်ကြီးအောင် ရှုန်းကန်ရင်ဆိုင်ရင်း သရေပွဲဖြစ်ခဲ့ဖူးသည်။ ၎င်းတို့ပွဲနှင့်အတူ ပြည်နယ်/တိုင်း ရွှေတံဆိပ်နှင့် အကောင်းဆုံးလက်ဝှေ့သမားဆု ရဖူးကြသူများဖြစ်သော မိုက်တိုင်ဆန်(အလင်းရောင်)နှင့် ဒိန်း (မြန်မာသွေးသစ်)၊ ပြည်နယ်/တိုင်း ရွှေတံဆိပ်ရှင်များဖြစ်ကြသော အောင်ဒီပ (အလင်းရောင်)နှင့် ခိုင်လင်း(မျိုးဇာနည်)တို့ပွဲများ အပါအဝင် ပွဲစဉ်ပေါင်း ကိုးပွဲထက်မနည်း ထိုးသတ်သွားမည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

ဒီပါဝလီနေ့ လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၅

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း အောက်တိုဘာ ၂၈ ရက် (ဒီပါဝလီနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး

ကိုရီးယားသမ္မတနိုင်ငံသည် အရှေ့အာရှ မြောက်ပိုင်းဒေသတွင် တည်ရှိသည်။ တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံကွဲပြီးကတည်းက ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)သည် တဖြည်းဖြည်းနှင့် အာရှတိုက်၏ အကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

အဆုံးသတ်

၁၉၄၈ခုတွင် ကိုရီးယားသမ္မတနိုင်ငံအဖြစ် ကြေညာသည်။

၁၉၄၅ခု ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ၃၈မျဉ်းပြိုင်၏မြောက်ပိုင်းကို ဆိုဗီယက်တပ်များကလည်းကောင်း၊ တောင်ပိုင်းကို အမေရိကန်တပ်များကလည်းကောင်း ဝင်ရောက်လာကြခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်တစ်ခုလုံး ဂျပန်သိမ်းပိုက်မှု နိဂုံးချုပ်သွားရသည်။ ၁၉၄၈ခုတွင် ကိုရီးယားသမ္မတနိုင်ငံကြေညာပြီး ၁၉၅၀ပြည့်နှစ်တွင် လွတ်လပ်ရေးကြေညာသည်။ ၁၉၅၃ခုတွင် ကိုရီးယားစစ်ပွဲ အဆုံးသတ်သည်။ လူနှစ်သန်း အသက်ဆုံးရှုံးရသည်။

အာဏာသိမ်း

၁၉၆၀ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကလိန်ကျမှုကြောင့် ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက် ပြီးနောက် သမ္မတဆင်မန်နီး ရာထူးမှထွက်ပေးသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်က ဒုတိယသမ္မတနိုင်ငံ ထူထောင်သည်။ သို့သော် နိုင်ငံရေးလွတ်လပ်မှု ကန့်သတ်ထားဆဲ ဖြစ်သည်။ ၁၉၆၁ခုတွင် စစ်တပ်က အာဏာသိမ်းသည်။ ဗိုလ်ချုပ်ကြီး ပတ်ချောင်ဟီး အာဏာရလာသည်။ ၁၉၆၃ခုတွင် နိုင်ငံရေးလွတ်လပ်မှုအချို့ပေးပြီး တတိယသမ္မတနိုင်ငံ ထူထောင်သည်။ ၁၉၇၂ခုတွင် မာရှယ်လောထုတ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြုပြင်ပြီး သမ္မတပတ်က အာဏာပိုမိုရယူသည်။

၁၉၇၉ ခု ပတ်ချောင်ဟီးလုပ်ကြံခံရပြီး ဗိုလ်ချုပ်ကြီးချွန်ဒူးဝှမ်အာဏာရလာသည်။ ၁၉၈၁ခုတွင် ချွန်ဒူးဝှမ်သမ္မတသက်တမ်း ခုနစ်နှစ်အတွက် ရွေးချယ်ခံရသည်။ မာရှယ်လော ရုပ်သိမ်းပေးသည်။ ၁၉၈၆ခုတွင် သမ္မတအား တိုက်ရိုက်ရွေးချယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည်။

၁၉၈၇ခုတွင် သမ္မတချွန်ကိုနိုတေဝူးက ရာထူးဆက်ခံသည်။ ၁၉၉၁ခုတွင် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ ကုလသမဂ္ဂသို့ဝင်သည်။ ၁၉၉၃ခုတွင် နိုတေဝူး၏ သမ္မတရာထူးကို ကင်ယုန်ဆမ် ဆက်ခံသည်။ ကင်ယုန်ဆမ်သည် ဤနိုင်ငံ၏ ပထမဆုံး အရပ်သားသမ္မတ ဖြစ်သည်။ ၁၉၉၆ခုတွင် အိုအီးစီဒီဝင် ဖြစ်လာသည်။

အနိုင်ရ

၁၉၉၈ ခုတွင် ကင်ဒေးယုန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည်။ ၂၀၀၀ပြည့်နှစ် ဇွန်လတွင် ပြုံယန်း၌ သမ္မတကင်ဂျုံအီနှင့် သမ္မတကင်ဒေးယုန်တို့ ထိပ်သီးချင်း တွေ့ဆုံသည်။ ၂၀၀၂ခု ဒီဇင်ဘာ သမ္မတရွေးကောက်ပွဲတွင် နိုမူဟွန်း အနိုင်ရသည်။

၂၀၀၄ခု ဖေဖော်ဝါရီလတွင် ပါလီမန်က အီရတ်သို့တပ်ဖွဲ့ဝင် ၃၀၀၀ စေလွှတ်ရေး အတည်ပြုသည်။ ထိုနှစ် ဒီဇင်ဘာလတွင် အီရတ်၌ တပ်ဖွဲ့ဝင်များဆက်ထားရေး ပါလီမန်က ထောက်ခံသည်။ ၂၀၀၆ခု နိုဝင်ဘာလတွင် အီရတ်၌ တပ်ဖွဲ့ဝင်များ နောက်တစ်နှစ် ဆက်ထားရေး အစိုးရက အတည်ပြုသည်။

ရွေးချယ်

ထိုနှစ် ဩဂုတ်လတွင် လက်ရှိ ဆိုးလ်မြို့တော်ကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် အစားထိုးမည့် မြို့တော်သစ်နေရာအတွက် ယွန်ဂီကွန်ဂျူဒေသကို ရွေးချယ်လိုက်သည်။

၂၀၀၆ခု အောက်တိုဘာလတွင် နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်အဖြစ် ခန့်အပ်သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်ကို မစ္စတာဘန်ကီမွန်း စတင်ထမ်းဆောင်သည်။

သဘောတူ

၂၀၀၇ခု ဖေဖော်ဝါရီလတွင် မြောက်ကိုရီးယားက နျူကလီးယား စမ်းသပ်သည်။ ၂၀၀၆ခု ဇူလိုင်လနောက်ပိုင်း ရပ်ဆိုင်းထားခဲ့သော အဆင့်မြင့်ဆွေးနွေးပွဲများ ပြန်စရန် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ သဘောတူသည်။ ထိုနှစ် ဧပြီလတွင် ၁၀လကြာ ဆွေးနွေးပြီးနောက် ဤနိုင်ငံနှင့် အမေရိကန်တို့ လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်ကို သဘောတူသည်။

အောင်ပွဲခံ

၂၀၀၇ခု မေလတွင် ခရီးသည်တင်ရထားများ ၅၆နှစ်အတွင်း ပထမအကြိမ်အဖြစ် တောင်နှင့်မြောက်ကိုရီးယားနယ်စပ်ကို ဖြတ်ကျော်ပြေးဆွဲသည်။ ထိုနှစ် အောက်တိုဘာလတွင် ကိုရီးယားစစ်ပွဲ တရားဝင်အဆုံးသတ်ရေး ဆွေးနွေးရန် ထိပ်သီးဆွေးနွေးပွဲတွင် တောင်နှင့်မြောက်ကိုရီးယားသမ္မတများက အာမခံပြောကြားသည်။ ထိုနှစ်ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် အီမြောင်ဘက် အောင်ပွဲခံ အနိုင်ရသည်။

ကြေညာ

ဟွန်ဒိုင်းဆောက်လုပ်ရေးလုပ်ငန်း၏ အုပ်ချုပ်ရေးအရာရှိချုပ်နှင့် ဆိုးလ်မြို့တော်ဝန်တာဝန်တို့ကို ထမ်းဆောင်ခဲ့သူ အီမြောင်ဘက်က မဲဆွယ်စည်းရုံးရာတွင် နိုင်ငံတော်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်မည်ဟု ကြေညာခဲ့သည်။

နှစ်ပေါင်း ၄၀ကြာ အာဏာရှင်ဆန်စွာ အုပ်ချုပ်ခဲ့ပြီးနောက် အစိုးရဦးစီးသည့် စီမံကိန်းများမှာ မိသားစုပိုင် စက်မှုစီးပွားလုပ်ငန်းများစွာကို ပူးပေါင်းတည်ထောင်သည့် ကော်ပိုရေးရှင်းကြီးများကို ကြီးထွားအောင် အားပေးသည်။ ထိုကော်ပိုရေးရှင်းကြီးများတွင် ဟွန်ဒိုင်းနှင့် ဆမ်ဆောင်းအုပ်စုများမှာ အထင်ရှားဆုံးဖြစ်ပေသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်**

၁၉၄၅ခု ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ၃၈မျဉ်းပြိုင်၏ မြောက်ပိုင်းကို ဆိုဗီယက်တပ်များက လည်းကောင်း၊ တောင်ပိုင်းကို အမေရိကန်တပ်များကလည်းကောင်း ဝင်ရောက်လာကြခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်တစ်ခုလုံး ဂျပန်သိမ်းပိုက်မှု နိဂုံးချုပ်သွားရ၊ ၁၉၄၈ခုတွင် ကိုရီးယားသမ္မတနိုင်ငံ ကြေညာပြီး ၁၉၅၀ပြည့်နှစ်တွင် လွတ်လပ်ရေးကြေညာ၊ ၁၉၅၃ခုတွင် ကိုရီးယားစစ်ပွဲ အဆုံးသတ်၊ လူနှစ်သန်း အသက်ဆုံးရှုံးရ။

ကမ္ဘာ့အကြီးဆုံးနှင့် အသန်မာဆုံးစက်ရုပ်ကြီး

စက်ရုပ်ထုတ်လုပ်ရာတွင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် ဂျာမနီနိုင်ငံ အောစဘတ်ဂ်မြို့မှ ကူကာစက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီသည် စွမ်းရည်မြင့် စက်ရုပ်တစ်ရုပ်ကို ထုတ်လုပ်ခဲ့သဖြင့် ကမ္ဘာ့အကြီးဆုံးနှင့်အသန်မာဆုံး စက်ရုပ်ကြီး တစ်ရုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံခဲ့ရသည်။ (ဝဲပုံ)

KUKA KR 1000 titan 6-axis အမည်ရှိ စက်ရုပ်သည် ဝန်ချိန် ၁၀၀၀ ကီလိုဂရမ် သယ်မနိုင်ပြီး ၃၂၀၀ မီလီမီတာ အကွာအဝေးမှ ပစ္စည်းများကို လှမ်းယူနိုင်သည့်အတွက် ယင်းကဲ့သို့ ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အရှည်ဆုံး စပါးကြီးမြွေရုပ်ကြီး

အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် အော့စထရစ်ချ်ကွန်းက ငှက်ကုလားအုတ် အမွေးများအသုံးပြုလျက် အရှည် တစ်မိုင်ကျော်ရှိသော စပါးကြီးမြွေရုပ်ကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့အရှည်ဆုံး စပါးကြီးမြွေရုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။ (အောက်ပုံ)

တင်ပို့ရောင်းချ

ချီကာဂိုအခြေစိုက် အော့စထရစ်ချ်ကွန်းသည် ငှက်မွေး၊ ငှက်တောင်များ၊ စပါးကြီးမြွေရုပ်များ၊ အသားများ၊ သားရေများ၊ ဖုန်သုတ်များ၊ ငှက်ဥများ၊ ခြေမွေးတိရစ္ဆာန်များ အပါအဝင် ငှက်ကုလားအုတ် ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်တင်ပို့ရောင်းချနေသော သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီတစ်ခုဖြစ်သည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

သူတို့အတွေးနှင့်အမြင်

* ***The strength of a nation derives from the integrity of the home.***
  နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပြည်တွင်းစည်းလုံးညီညွတ်မှုမှ အရင်းခံဖြစ်တည်လာသည်။
  ကွန်ဖြူးရှပ်စ် (တရုတ်လူမျိုး အတွေးအခေါ်ပညာရှင်)

* ***If the people who make the decisions are the people who will also bear the consequence of those decisions,perhap better decisions will result.***
  ဆုံးဖြတ်ချက်ချသူများသည် အဆိုပါ ဆုံးဖြတ်ချက်များ၏ အကျိုးဆက်များကို ခံနိုင်ရည်ရှိသူများဖြစ်ပါက ထိုဆုံးဖြတ်ချက်များသည် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များဖြစ်ကာ အကျိုးသက်ရောက်မှု ရှိလာပေလိမ့်မည်။
  ဂျွန်အက်ဘရမ်စ် (အမေရိကန်လူမျိုး အတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

မှားလိုက်ပုံက . . . .

အမျိုးသားတစ်ဦးသည် ဈေးဝယ်ရန်အတွက် ကုန်တိုက်တစ်ခုသို့ သွားရောက်ခဲ့သည်။ ထိုစဉ် ကုန်တိုက်အတွင်း၌ ရွှေရောင်ဆံပင်နှင့် အမျိုးသမီးတစ်ဦးက သူ့အား 'ဟယ်လို' ဟု နှုတ်ဆက်လေသည်။

အမျိုးသားမှာ ထိုအမျိုးသမီးအား ရင်းရင်းနှီးနှီးတွေ့ဖူးမြင်ဖူးသော်လည်း မည်သည့်နေရာတွင် ရင်းနှီးခဲ့မှန်း စဉ်းစားမရဘဲရှိနေရာ နောက်ဆုံး၌ မေးလိုက်ရတော့သည်။

အမျိုးသား ။ ။ ''ခင်ဗျား ကျွန်တော့်ကို သိလို့လား''

အမျိုးသမီး ။ ။ ''သိတာပေါ့၊ ရှင်က ကျွန်မကလေးတစ်ယောက်ရဲ့အဖေလေ''

လူပျိုဘဝ ရည်းစားများစွာထားခဲ့သော အမျိုးသားလည်း ဇဝေဇဝါဖြစ်သွားကာ သူနှင့်ရင်းရင်းနှီးနှီး တွဲခဲ့ဖူးသော အမျိုးသမီးတစ်ဦးဦးဖြစ်ရမည်ဟု အောက်မေ့ကာ ရမ်းသမ်း ပြောလိုက်ရာ-

အမျိုးသား ။ ။ ''ဩော် သတိရပြီ၊ မင်းဟာ ငါနဲ့သမီးရည်းစားဘဝက ရင်းရင်းနှီးနှီး တွဲခဲ့ဖူးတဲ့ အမျိုးသမီးပဲ''

အမျိုးသမီး ။ ။ ''ဘာ၊ ကျွန်မက ရှင့်သားရဲ့ သင်္ချာဆရာမ ရှင့်''

အမျိုးသား ။ ။ **''ဟိုက်''**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

ပြင်ဦးလွင်မြို့ ပြည်သူ့ပန်းခြံပျိုးဥယျာဉ်တွင် အင်ဂျင်နီယာ(၂) ဦးသန့်ဇင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများက ပျိုးပင်များ ထုထောင်ထားရှိ ဆောင်ရွက်မှုကို အောက်တိုဘာ၁ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကိုလတ်နှင့် ဦးစီးအရာရှိ ဦးထင်အောင်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး ဖမ်းဆီးဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်သူများ မြစ်ကြီးနား၌ ဂုဏ်ပြု

မြစ်ကြီးနား အောက်တိုဘာ ၂၀

ကချင်ပြည်နယ်ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား အဆင့်တိုးမြှင့်ခြင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈နာရီခွဲက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်လွင်က အမှာစကား ပြောကြားပြီး အခမ်းအနားမှူးရဲအုပ်အေးအေးခိုင်က ဆုချီးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်များနှင့် ပတ်သက်၍ စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် ဖြစ်စဉ်များကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ဒုရဲအုပ်မှ ရဲအုပ်အဆင့် တိုးမြှင့်ခံရသူများနှင့် ရဲတပ်သားမှ ရဲဒုတပ်ကြပ်အဆင့် တိုးမြှင့်ခံသူများကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်လွင်က ဆုချီးမြှင့်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ်၏ အမှုထမ်းကောင်း လက်မှတ်ရရှိသူများအား ဒုတိယပြည်နယ်ရဲတပ်မှူး ဒုတိယ ရဲမှူးကြီး သိန်းဌေးက အမှုထမ်းကောင်း လက်မှတ် အပ်နှင်းကြောင်းသိရသည်။ **(ယာပုံ) (၀၀၃)**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး အမှတ်(၃) စက်ရေတွင်းနှင့် ရေလှောင်ကန် ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ၁၀ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးက ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ရွှေဘို အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ရွှေဘိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ၁၉၄၅ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ ဆရာမများအားပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ် လှူဒါန်းလိုပါက အကယ်ဒမီ ဦးကြည်စိုးထွန်း ဖုန်း- ၀၉-၈၀၃၃၉၄၀၊ ဦးကိုကို-ဒေါ်သန်းသန်းဆင့် ဖုန်း-၀၁-၂၂၀၇၈၆၊ ၀၉-၅၀၁၇၁၀၀၊ ဒေါက်တာဌေးကြွယ် ဖုန်း- ၀၉-၆၉၇၁၂၈၈၊ ကိုမျိုးသန့်ဇော် ဖုန်း- ၀၉-၅၁၄၁၂၃၀၊ ဒေါက်တာအိုကေ ဖုန်း- ၀၇၅-၂၁၃၇၁ နှင့် ဦးချစ်ကိုကို ဖုန်း- ၂၁၀၅၉(အိမ်)၊ ၀၉-၂၁၀၀၀၄၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စပါးအထွက်တိုး နည်းပညာများ လက်တွေ့သရုပ်ပြ

နွားထိုးကြီး အောက်တိုဘာ ၁၅

နွားထိုးကြီးမြို့နယ် စပါးတောင်သူများ ဓာတ်မြေသြဇာသုံးစွဲရေး နည်းပညာဟောပြောပွဲကို စက်တင်ဘာ၁၆ရက်က နွားထိုးကြီးမြို့နယ် ကုက္ကိုဇီးရွာ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် မြင်းကျားဓာတ်မြေသြဇာကုမ္ပဏီမှ တာဝန်ရှိသူများက စပါးခင်းတွင် ဓာတ်မြေသြဇာသုံးစွဲမှု၊ သုံးစွဲနည်းနှင့် စပါးအထွက်တိုးရေး နည်းပညာများကို စပါးတောင်သူများအား ပညာပေးလက်တွေ့ သရုပ်ပြကြောင်း သိရသည်။ (၀၉၂)

ကွင်းဆင်းစစ်ဆေး

ငပုတောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားရောင်းချမှု ရှိမရှိကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်ဖွံ့ဖြိုးရေးနှင့် မိုးစပါးစိုက်ပျိုးရေး ထီးချိုင့်၌ ကွင်းဆင်းဆောင်ရွက်

ထီးချိုင့် အောက်တိုဘာ ၁၂

ကသာခရိုင် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးတင်ဝင်းသိန်း၊ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသက်နိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖုန်းလွင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇင်မင်းလှိုင် တို့သည် စက်တင်ဘာ ၁၇ရက် နံနက် ၁၁နာရီက ကျောက်မော်ကျေးရွာအုပ်စု ကျောက်မော်ရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး မိုးစပါးစိုက်ပျိုးဆောင်ရွက်မှုများကို ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ မိုးစပါးစိုက်ပျိုးမှု၊ ပန်းတိုင်အထွက်နှုန်းတိုးမြှင့်ရေး၊ ပေါင်းမြက်များကင်းရှင်းရေး၊ သမန်းနှိုးခြင်းများ၊ ဓာတ်မြေသြဇာများ စနစ်တကျသုံးစွဲရေး ဆောင်ရွက်ရန်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဝင်းသိန်းက ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးသက်နိုင်(အုပ်စုတာဝန်ခံ)က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး စေတနာညကျောင်း တောင်ငူ၌ဖွင့်လှစ်

တောင်ငူ အောက်တိုဘာ ၁၈

တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး စေတနာညကျောင်းဖွင့်လှစ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ရက် ညနေ ၅နာရီက တောင်ငူမြို့ အမှတ်(၁) အထက်တန်းကျောင်း နတ်သျှင်နောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး စေတနာညကျောင်းအတွက် ရပ်မိရပ်ဖများ၊ အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၂၅သိန်းကို ရပ်မိရပ်ဖများကိုယ်စား အမေ့အိမ်ဟိုတယ်ပိုင်ရှင် ဦးမြင့်ညိုက ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံယူပြီး အခမ်းအနား ဖွင့်လှစ်ပေးသည်။

အဆိုပါစာသင်ချိန်ကာလမှာ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကျောင်းသားကျောင်းသူ၂၁၇ဦးအား အခမဲ့ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၄၉)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၁၉ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအနီးနေ ဦးအောင်နိုင်ဦး **(အပေါ်ပုံ)**သည် စက်တင်ဘာ ၅ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနတွင် (၄၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သွေးဌာန)**

ကန့်ဘလူမြို့ ဦး အောင် မြတ်လမ်း ကိုယ့်အားကိုယ်ကိုး အုတ်ရေမြောင်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ ဒုတိယ ဦး စီး မှူး (စီမံ) ဒေါ် စိန် အေး နှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ချောက် ဂျီတီအိုင် ကျောင်းသားဟောင်းများ စုပေါင်း အလှူဒါနပြုပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၅

ချောက် ဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ စုပေါင်းအလှူဒါနပြုပွဲကို အောက်တိုဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၊ ၆ဟန်း ၃လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရမ္မောရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူဒါနပြုပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉-၅၀-၁၅၆၇၈၊ ဦးကြည်ဝင်း ဖုန်း-၀၁-၆၈၁၈၉၆၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၀၉-၅၁-၈၃၀၈၁ နှင့် ဦးခင်စိုး ဖုန်း- ၀၉-၅၁-၃၆၄၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၁၃မှုတွင် ရောင်းချသူ ၁၁ဦးအား အနည်းဆုံးထောင်ဒဏ် နှစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူနှစ်ဦးအား အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။ **ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြလမ်းလုပ်ငန်းဖြစ်သော ရွှေဟင်္သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက် အင်ဂျင်နီယာ ဦးဇော်မျိုးသက် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဆောင်ရွက်မှုကို စက်တင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အောင်မြင်စွာယှဉ်ကာနွဲ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၂၅ (ဖက်စ်)

အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ····)။

စင်မြင့်ပေါ်၌ မီးရောင်များဖြာကျနေသည်။ စင်မြင့်ညာဘက်အစွန်၌ စန္ဒရားနှင့် တယောတီးသူနှစ်ဦး၊ ဝဲဘက်အစွန်၌ ဗုံတီးသူတစ်ဦးကို မြင်တွေ့ရသည်။ မကြာမီ အဆိုပြိုင်ပွဲဝင်မည့် ကလေးငယ်တစ်ဦး စင်မြင့်ပေါ်တက်လာသည်။ တိုင်းရင်းသားရိုးရာ ဝတ်စုံကို သေသေသပ်သပ် ဝတ်ဆင်ထားပြီး မိုက်ခရိုဖုန်းရှေ့၌ထိုင်ကာ စာမျက်နှာ ၉ ကော်လံ ၁ ●

အခြေခံပညာအဆင့် (၁၀-၁၅)နှစ် အမျိုးသမီး တယောထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှစပယ်ဖူး၏ယှဉ်ပြိုင်ဟန်။ (မြန်မာ့အလင်း)

မုန်တိုင်းငယ် ပိုမိုအားကောင်းလာ အိန္ဒိယကမ်းခြေ ကုန်းတွင်းသို့ ဝင်ရောက်နိုင်

နေပြည်တော် အောက်တိုဘာ ၂၅

(ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲ ထုတ်ပြန်ချက်)

ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာပြီး မြောက်အရှေ့ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားလာကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ဘက်ကမ်းခြေကို ဖြတ်ကျော်ပြီး ကုန်းတွင်းသို့ ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အာကာသသိပ္ပံ



အီတလီ၏ တတိယမြောက်ဂြိုဟ်တု ကမ္ဘာမြေ၏ဓာတ်ပုံများ ရိုက်ကူးမည်

ကယ်လီဖိုးနီးယား အောက်တိုဘာ ၂၅

ကမ္ဘာမြေအား လေ့လာမည့် အီတလီဂြိုဟ်တု တစ်လုံးကို သယ်ဆောင်သွားသော ဒုံးပျံတစ်စင်းကို အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက ကယ်လီဖိုးနီးယားကမ်းခြေမှ လွှတ်တင်လိုက်သည်။

ဦးတည်ထွက်ခွာ

ဒယ်လ်တာဒုံးပျံ-၂ကို အဆိုပါ ကယ်လီဖိုးနီးယားကမ်းခြေမှ ဒေသစံတော်ချိန် ည ၇နာရီခွဲတွင် လွှတ်တင်ခဲ့ရာ ပစိဖိတ်သမုဒ္ဒရာ ဝေဟင်အမြောက်တိုက်အား ခွင်း၍ကမ္ဘာပတ်လမ်းကြောင်းဆီသို့ ဦးတည်ထွက်ခွာသွားခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၃ *

ဝိဇ္ဇာနှင့်သိပ္ပံ လေ့လာတွေ့ရှိချက်စာတမ်းများ အနာဂတ်လူ့ဘောင် ဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြု

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် အောက်တိုဘာ ၂၅

တစ်ခေတ်မှတစ်ခေတ် တီထွင်ကြံဆမှုများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ခေတ်အဆက်ဆက်က ပေါ်ထွန်းခဲ့သည့် အတွေးအခေါ်ပညာရှင်များ၊ သုတေသီများ၊ သိပ္ပံပညာရှင်တို့၏ သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ တီထွင်ဆန်းသစ်ခဲ့မှုများကြောင့် နှောင်းလူတို့၏လူမှုဘဝကို သာယာဝပြောစေခဲ့သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ❐

အဆင့်မြင့်ပညာရပ်များ အိုးမကွာအိမ်မကွာ လေ့လာဆည်းပူးနိုင်ရာ ကယားပြည်နယ် လွိုင်ကော်မြို့က လွိုင်ကော်တက္ကသိုလ်



➢ သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း ➢ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ➢ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၅

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်လေးရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သည့် **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** ဦးတည်ချက်နှင့်အညီ နိုင်ငံတော်က ပညာရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိသည်။ ထိုသို့ဖော်ဆောင်ပေးရာတွင် နယ်စပ်ဒေသ အစွန်အဖျားဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ ပညာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်းလာစေရန် တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်များကို တိုးချဲ့ဖြန့်ကြက်ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသအလိုက် အဆင့်မြင့်ပညာရပ်များကို အိုးမကွာအိမ်မကွာ လေ့လာသင်ကြားဆည်းပူးနိုင်ကြပေပြီ။

ဂုဏ်ယူဝမ်းမြောက်

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) လွိုင်ကော်တက္ကသိုလ်၏ ပင်မဆောင်ကို လွန်ခဲ့သော ၂၀၀၇ ခုနှစ် ဩဂုတ် ၅ ရက်နေ့က ဖွင့်လှစ်ပေးခဲ့ရာ ပြည်နယ်သူ ပြည်နယ်သားတို့အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်····။

တည်ဆောက်ခဲ့ရ

လွိုင်ကော်တက္ကသိုလ်၏ ပင်မဆောင်သည် ရှေ့မျက်နှာစာ အလျားပေ ၄၀၀၊ အနံ ၂၈၃ ပေ၊ အမြင့် ၄၁ပေရှိပြီး သုံးထပ်အဆောက်အအုံဖြစ်သည်။ ပင်မဆောင်အပေါ်ဆုံးထပ်၌ ပါရဂူဘွဲ့နှင့် မဟာသုတေသနဘွဲ့ သုတေသနကျမ်းစာအုပ်ပြခန်း၊ Computer Training Centre, e- library၊ ရူပဗေဒလက်တွေ့ခန်းနှင့် Language lab တို့ကိုပါ ထည့်သွင်းတည်ဆောက်ပေးထားသည်။

လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာနှင့်သိပ္ပံအထူးပြုဘာသာရပ် ၁၂ခု၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများမှာ မိဘရင်ခွင်မှ မခွဲခွာရဘဲ အဆင့်မြင့်ပညာရပ်များကို လေ့လာဆည်းပူး သင်ကြားနေနိုင်ကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**